ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (4-2-2004) (၄၁၃၆)

ယနေ့ထုတ်စောင်ရေ ၁၉၇၁၅၂

မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည့် အမျိုးသားရေးမူဝါဒ

ပြည်ထောင်စု တိုင်းရင်းသားအားလုံးသည် အနာဂတ် ပြည်ထောင်စုနိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် ပြည်ထောင်စု၏ အကျိုးစီးပွားဖြစ်ထွန်းတိုးတက်ရေးကိုရှေးရှု၍ ပြည်ထောင်စုတိုင်းရင်းသားတိုင်း ခေတ်အဆက်ဆက် ခံယူကျင့်သုံးကြရမည့် အမျိုးသားရေးမူဝါဒများကို ချမှတ်ထားပြီးဖြစ်ပါသည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးအားလုံး၏ အမျိုးသားရေး ယုံကြည်ချက်၊ အမျိုးသားရေးခံယူချက်များဖြစ်သည်နှင့်အညီ ယင်းယုံကြည်ချက်၊ ခံယူချက်များသည်ပင်လျှင် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည့် အရေးကြီးဆုံးသော အမျိုးသားရေးမူဝါဒများဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
(၅၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ စူဖော့ဒီရာကိုဆာလ်အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ထိုင်းနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် **ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာစူဖော့ဒီရာကိုဆာလ်သည် ယနေ့ နံနက် ၁၀နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။



သံအမတ်ခန့်အပ်လွှာ ပေးအပ်

ဖေဖော်ဝါရီ ၃ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ **ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာစူဖော့ဒီရာကိုဆာလ် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။** (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် - နံနက် (၀၉း၀၀)နာရီမှ ညနေ (၁၇း၀၀)နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

✪ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

✪ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။

✪ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

✪ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

✪ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ကြေးမုံ The Mirror

အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး စနစ်တကျ လေ့ကျင့်ပျိုးထောင်မြှင့်တင်

၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူများ၏ စွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ၊ နိုင်ငံသားများ အင်ပြည့်အားပြည့် ပါဝင်ဆောင်ရွက်နိုင်စေရန် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အလေးထား စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်က နိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အားပေးလျက်ရှိသည်။ အားကစားသမားများကလည်း အားသွန်ခွန်စိုက် ကြိုးပမ်းလေ့ကျင့် ယှဉ်ပြိုင်လျက်ရှိကြရာ ဘောလုံးအားကစားနည်းအပါအဝင် အားကစားနည်းအချို့သည် နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ အောင်နိုင်မှုများ ရရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီလ ၂ရက်နေ့က ရန်ကုန်မြို့ သုဝဏ္ဏ လူငယ်လေ့ကျင့်ရေးစခန်းသို့ သွားရောက်၍ အမျိုးသားလူငယ်ဘောလုံးအသင်း ထားရှိသည့် အိပ်ဆောင်၊ စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားဆိုင်ရာများ မှာကြားခဲ့သည်။

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌက အောင်နိုင်မှုရရှိနေသည့် အားကစားနည်းများ အရှေ့တောင်အာရှတွင် ထိပ်တန်းရောက်ရှိစေရေးနှင့် စပ်လျဉ်းပြီး တာဝန်ရှိသူများအား မှာကြားရာတွင် **နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အဘက်ဘက်က အားပေးဆောင်ရွက်လျက်ရှိရာ၌ ဘောလုံးအားကစားနည်းအပါအဝင် အောင်မြင်တိုးတက် ရှေ့တန်းရောက်ရှိလာသည့် အားကစားနည်းများကို အရှေ့တောင်အာရှတွင် ထိပ်တန်းရောက်ရှိစေရအောင် အာရုံစူးစိုက် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း** ပြောကြားခဲ့သည်။

ဘောလုံးအားကစားနည်း အပါအဝင် အောင်မြင်တိုးတက်မှု ရရှိနေသည့် အားကစားနည်းများ ထိပ်တန်းရောက်ရှိစေရေး ကြိုးပမ်းရာတွင် အားကစားသမားများ ကျန်းမာကြံ့ခိုင်မှုရှိရေး၊ နေထိုင်စားသောက်ရေးနှင့် လေ့ကျင့်ရေးတို့ကို စနစ်တကျ စီမံဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် အမျိုးသားအားကစားဟုဆိုရမည့် ဘောလုံးအားကစားနည်း တိုးတက်စေရေးအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကို သွေးသစ်လောင်း ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ရာ ဘောလုံးလက်ရွေးစင် အားကစားသမားများ ရွေးချယ်လေ့ကျင့်ပျိုးထောင်မှုများ စနစ်တကျ မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အားကစားသမားများအား စခန်းသွင်းလေ့ကျင့်ရာ၌ အဓိကအားဖြင့် ကျန်းမာရေးနှင့်ညီညွတ်ရေး၊ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းရေးနှင့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်ရေးတို့ကို အလေးထား၍ လေ့ကျင့် ပျိုးထောင်ပေးကြရန် လိုအပ်သည်။ ထို့အပြင် အားကစားသမားများ အဆင့်အတန်းမြင့်မြင့်မားမားဖြင့် နေထိုင်နိုင်ရေး၊ ဆရာဝန်၏ ကြီးကြပ်မှုဖြင့် အာဟာရပြည့်ဝသည့် အင်အားပြည့်ရိက္ခာများ ပြည့်ဝစွာ စားသုံးနိုင်ရေး၊ အားကစားသမားတစ်ဦးချင်း၏ ကျန်းမာရေး အခြေအနေ ပုံမှန်စစ်ဆေး မှတ်တမ်းတင်ထားနိုင်ရေးတို့အတွက် တာဝန်ရှိသူအသီးသီးက ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အားကစားနည်းများ အောင်မြင်တိုးတက်ရေး၊ ထူးချွန်အားကစားသမားများပေါ်ထွက်လာစေရေး ကြိုးပမ်းရာတွင် စံချိန်မီ ဘောလုံးလေ့ကျင့်ကွင်းများ တိုးတက်ဖော်ထုတ်ဆောက်လုပ်ရေးနှင့် လက်ရှိအားကစားကွင်းများ အဆင့်မြင့် မွမ်းမံပြင်ဆင်မှုများ ပြုလုပ်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

အလားတူပင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတိုင်းတွင် အဆင့်အတန်း ပြည့်မီပြီး စွမ်းဆောင်ရည်မြင့်မားသည့် နည်းပြများ၊ နည်းစနစ်မှုများ ပြည့်စုံလုံလောက်စွာဖြင့် လေ့ကျင့်ပေးသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ ဘောလုံးအားကစားနည်း အပါအဝင် အောင်မြင်တိုးတက်မှုရရှိနေသည့် အားကစားနည်းများ ထိပ်တန်းသို့ရောက်ရှိလာစေရေးတို့အတွက် တာဝန်ရှိသူ အသီးသီးတို့က အားကစားသမားများ စနစ်တကျ ရွေးချယ်လေ့ကျင့်ရေး၊ နေထိုင်စားသောက်မှု ပြည့်ဝစွာ အဆင်ပြေစေရေးလုပ်ငန်းများကို စနစ်တကျမြှင့်တင် ဖြည့်ဆည်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

ပြည်ထောင်စုအားမာန်

◆ ရွှေကောက်နှံ ရွှေစပါးက
ရွှေသားအတိ ပေါပြည့်လျှံ။
တို့နိုင်ငံ သယံဇာတ
ကြွယ်ဝအမှန်။
ပတ္တမြား ကျောက်သံ
နိုင်ငံအနှံ့ထွန်းလင်း။
မြရောင် စိန်ရောင်နဲ့
ရွှေအရောင် နေရောင်အောက်မှာ
တောက်ပဘိခြင်း။

◆ ရေတောင်မှာ ငွေတောင်ဝန်းလို့
လှလွန်းသည့် ငါတို့မြေ။
လမ်းတံတားဆို တစ်ဆင့်ပြီးတစ်ဆင့်
ပန်းများလို တစ်ပွင့်ပြီးတစ်ပွင့်
ဖူးပွင့်ခဲ့ပေ။
ပြည်ထောင်စု သွေးချင်းဆွေ
ရွှေလက်တွေ ခိုင်ခိုင်တွဲ။
မြေပြန့်မှာ အတူပျော်လို့
တောင်ပေါ်မှာ အတူမွေ့
ရှေ့ဆက်မည်ပဲ။

◆ ရွှေနိုင်ငံ ရွှေပြည်သစ်ရဲ့
ရွှေခေတ်သို့ရောက်ပြီလေ...။
ကချင် ကယား ကရင်ကွဲ့
အင်အားစုံ အလင်ပေါ့
ချင်းအပြင် ဗမာ မွန်နဲ့
အားသွန်ကာ ရခိုင် ရှမ်းတို့
ကြိုးပမ်းကာ အစဉ်မခွဲ
နွဲကြစို့ဟေ။
ကမ္ဘာတည်သရွေ့ မြန်မာ့မြေ
တည်ပစေ ထာဝရ။
ပြည်ထောင်စုစိတ်ဓာတ်အမွေ
ညီနောင်တွေ ဆက်ခံကြ။
မငြီးစရာ ပမာပြုရလျှင်ဖြင့်
"အသီးတစ်ရာ အညှာတစ်ခု"ပေပဲ့
ပြည်ထောင်စု အားမာန်နှိုးလို့
ကြိုးလိုက်ပါကြ။ ။

မြင်းမူမောင်နိုင်မိုး

တရားတော်များဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

အလုံမြို့နယ် သစ်တောလမ်း ဇောတနာရာမ ပရိယတ္တိစာသင်တိုက်ကြီး၌ တရားပွဲများကို ညစဉ်၇နာရီ မှစတင်၍ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၅ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ (မှော်ဘီ)၊ ၆ ရက်တွင် ဓမ္မဒူတ အရှင်ဝိမလ(တောင်စွန်း)၊ ၇ ရက်တွင် ဓမ္မဒူတ အရှင်ကောသလ္လ(မုဒုံ)၊ ၈ ရက်တွင် ဓမ္မဒူတ အရှင်ဝါသေဋ္ဌာဘိဝံသ (ကျောက်တစ်လုံးတောရ)တို့က တရားတော်များကို ဟောကြားမည် ဖြစ်ပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော ထမနဲ ပွဲကို ၇ ရက်နေ့တွင် အလှူရှင် ဦးခင်မောင်ဆွေ-ဒေါ်ခင်လှလှမိသားစုက လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

သဒ္ဓါလက်လူ ပွင့်ခက်ကြူ ကက္ကူစေတီစု

ရတနာစည်ဆရာတော်(လွိုင်လင်)

ယမန်နေ့မှအဆက်

(ဆ)

တည်းကျောင်းသို့ ရောက်ရှိကြကာ အခြားသော ဆရာတော်များနှင့် အာလာပသလ္လာပ ပြောဆိုကြပြီးသော် အလွန်ဖူးမြင်ချင်နေသော ကက္ကူစေတီစုသို့ ညဦးပိုင်းဝယ် ရောက်ရှိခဲ့ပါ၏။ ပြည့်ဝန်းသော လရောင်ဝါနှင့် ပွဲတော်အတွင်း ထွန်းညှိပူဇော်ထားသည့် လျှပ်စစ်အလင်းတို့ဖြင့် ထိန်ဝင်းထွန်းပနေသော ကက္ကူစေတီစု ညမြင်ကွင်းက ရင်တွင်းရှိ ပီတိကို ပျို့စေ၏။

မုခ်ဦးမှဝင်၍ အလယ်လမ်းအတိုင်း လျှောက်လှမ်းလာရာ၌ ဝဲ၊ ယာရှိ စေတီငယ်များကို တစ်တန်းပြီးတစ်တန်း ဖြတ်ကျော်ခဲ့ရာဝယ် အတန်းပေါင်းဘယ်မျှ၊ တစ်တန်းတစ်တန်း၌ စေတီငယ်ပေါင်းဘယ်မျှဟု တဒင်္ဂအတွင်း ရေတွက်ခြင်းငှာ မစွမ်းသာခဲ့ပါ။ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် အတန်းလိုက် ဖြစ်တည်နေသော စေတီငယ်များ၌ **မူလ ဘုရားဒါယကာအား ရည်မှန်း၍ အသစ်ပြုပြင်လှူဒါန်းသည်** ဟူသော ကမ္ပည်းစာတန်းထိုး ပြုပြင်ပြီး စေတီသစ်များနှင့် စာတန်းမထိုး မပြုမပြင်ရသေးသည့် စေတီဟောင်းများကိုလည်း ခွဲခြားမှတ်သားရန် မတတ်သာခဲ့ပါ။ အလယ်လမ်းထိပ်ဆုံး၌ အကြီးမားဆုံးစေတီတော်ကြီး တည်ရှိနေပြီး အလယ်လမ်း သုံးချိုးတစ်ချိုးလောက်တွင် ယခု ရွှေထီးတော်သစ် တင်လှူပူဇော်မည့် ဒုတိယအကြီးဆုံး ဖောင်တော်ဆိုက်စေတီတော် တည်ရှိနေရာ ထိုစေတီကြီးနှစ်ဆူ၏ အရံစေတီငယ်များ၊ စေတီကြီးနှစ်ဆူအကြား အတန်းလိုက် တည်ရှိနေသော စေတီငယ်များ၊ ထိုစေတီငယ်များအကြား၌ တစ်ယောက်လျှောက်လှမ်းနိုင်သော အဖြောင့်လမ်းများ၊ ထောင့်ချိုးကြားလမ်းများ စသည့် အနေအထား ဝိသေသကြောင့် ကက္ကူစေတီစုကို ဝင်္ကပါစေတီစုဟူသော ဘွဲ့သစ်ဖြင့်ပင် အနေကဇာတင်ချင်စိတ် ဖြစ်ပွားနေရ၏။ နှစ်ထောင်ကျော် အရေအတွက်ရှိသည့် ထူးခြားသော စေတီပရိဝုဏ်အတွင်း တစ်ယောက်လျှောက်လမ်းများကို ရာဇမတ်ကာ၊ ဝင်္ကပါရိုက်လျက် ဖောင်တော်ဆိုက်စေတီကို သောတာပတ္တိမဂ်ဉာဏ်ဟုလည်းကောင်း၊ အကြီးဆုံးစေတီကို အရဟတ္တမဂ်ဉာဏ်ဟုလည်းကောင်း သတ်မှတ်သမုတ်ကာ ဝင်္ကပါဘုရားပွဲ ကျင်းပရလျှင် အဘယ်မျှကောင်းလေမည်နည်းဟု တစ်ကိုယ်တည်း စိတ်ကူးနေမိ၏။

ကက္ကူ ဝင်္ကပါစေတီပရိဝုဏ်အတွင်း ခြေစကြာ ဖြန့်နင်းကာ ရင်တွင်းပဿဒ္ဓိ တအိအိ တစိမ့်စိမ့် တသိမ့်သိမ့် ပီတိစိမ်နေမိသည်မှာ အိပ်ချိန်ကျိန်းချိန်ကိုပင် မေ့သွားတော့မယောင်ပါပေ။

(ဇ)

နောက်ရက်ကား ပွဲတော်ကြီးရက်ဖြစ်၏။ ၉-၁၂-၂၀၀၃ (၁၃၆၅ ခုနှစ် နတ်တော်လပြည့်ကျော် ၁ ရက်) ရက်မြတ်မင်္ဂလာ ဖြစ်ပါသည်။

ယမန်နေ့က မိုင်းပန်မြို့ မဟာတေဇာဓိပတိစေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ ဦးဆောင်တက်ရောက်ခဲ့ပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကာ တောင်ကြီးမြို့၌ ညအိပ်ရပ်နားခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော စေတနာရှင်များသည် ယနေ့နံနက် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား မစတင်မီ ကက္ကူစေတီစု မင်္ဂလာမဏ္ဍပ်အတွင်း ရောက်ရှိလာကြသကဲ့သို့ တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက် ပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဆန္ဒာဓိက အမှူးပြုသော ပင့်သံဃာတော် ၁၀၈ ပါးတို့သည်လည်း မင်္ဂလာမဏ္ဍပ်အတွင်း ကြွရောက်တော်မူလာကြပြီး နံနက် ၇ နာရီခွဲတွင် မဟာမင်္ဂလာအခမ်းအနား စတင်၏။

သာသနာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ နမောတဿဖြင့် အခမ်းအနားဖွင့်၊ အင်းလေးရွှေဘုံသာဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်၊ ဥပါသကာများက ပရိတ်ပန်း ပရိတ်ရေ ဆက်ကပ်၊ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်မေတ္တာ ထုံမွမ်း၊ ဥပါသကာများက ပရိတ်ပန်း ပရိတ်ရေ ယူဆောင်၍ ဝတ္ထုကံမြေ၌ ပက်ဖျန်းကြပြီးသော် ဆက်လက်၍ စေတိယသမ္မဒ္ဒနှင့် ဒါနဒါတဗ္ဗတို့ကို ဆက်ကပ်ကြပုံမှတ်တမ်းမှာ ဤသို့ဖြစ်၏။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းတို့က စိန်ဖူးတော်နှင့် ပရိက္ခရာရှစ်ပါး၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့ တို့က ငှက်မြတ်နားတော်နှင့် ပရိက္ခရာရှစ်ပါး၊ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီက ရွှေကြာသကင်္န်းနှင့် ပရိက္ခရာရှစ်ပါး၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဇနီး ဒေါ်ခင်ဝင်းဝင်းတို့က ဆပ်သွားဖူးတော်နှင့် ပရိက္ခရာရှစ်ပါး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဇနီး ဒေါ်ခင်နှင်းဝေတို့က စိန်ဖူးကလပ်နှင့် ပရိက္ခရာရှစ်ပါး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဇနီး ဒေါ်ခင်စောနှင်းတို့က ကြာပန်းခိုင်နှင့် ပရိက္ခရာရှစ်ပါး၊ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၊ ဇနီး ဒေါ်ဝင်းဝင်းနုတို့က ဆည်းလည်းပဒေသာနှင့် ပရိက္ခရာရှစ်ပါး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက ပရိက္ခရာရှစ်ပါး။

ထို့နောက် မြန်မာမှုပညာရှင် တောင်ကြီး ဦးဝင်းမောင်က သမ္မာဒေဝနတ်များအား တောင်းပန်လွှာဖတ်ကြားခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပြည် ဇောတိကာရုံဆရာတော်က အနုမောဒနာနှင့် ရေစက်ချချီးမြှင့်ခြင်း၊ ပရိသတ်များက ကုသိုလ်အမျှပေးဝေခြင်း၊ သာဓုခေါ်ယူခြင်းတို့ဖြင့် ပထမပိုင်း ဒါန, သီလ, ဘာဝနာ ဆည်းပူးခြင်း ပြည့်တင်းအောင်မြင်လေ၏။

(ဈ)

ဒုတိယပိုင်း ရွှေထီးတော်တင်မင်္ဂလာ၊ ဗုဒ္ဓါဘိသေက မင်္ဂလာဆောင်ရွက်ရာ၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို ပင့်ဆောင်လျက် သာသနာ့အလံကိုင်အဖွဲ့၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များခြံရံပြီး စေတီတော်အား လှည့်လည်ပူဇော်ကြကာ တီကြားထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံပေါ်သို့ အမွှေးနံ့သာရည်များ ပက်ဖျန်းတင်လှူပူဇော်ပေးစဉ် ငြမ်းအထက်သို့ တက်ရောက်နေရာယူထားကြသော အတွင်းရေးမှူး(၁)၊ အတွင်းရေးမှူး(၂)နှင့် တာဝန်ရှိပုဂ္ဂိုလ်ကြီးများက ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထွတ်၌ တပ်ဆင်လှူဒါန်းပူဇော်မှု ပြီးမြောက်အောင်မြင်သောအခါ တီကြား ဦးသန်းလှက သမ္မာဒေဝနတ်များကို ပြန်လည်ပို့ဆောင်ပေးလေ၏။

ဆက်လက်၍ ကက္ကူစေတီစုဓမ္မာရုံ၌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အမှူးပြုသည့် တာဝန်ရှိပုဂ္ဂိုလ်ကြီးများ၊ ပအိုဝ်းအမျိုးသားအဖွဲ့ဥက္ကဋ္ဌ အမှူးပြုသည့် ဒေသခံတိုင်းရင်းသားများက ပင့်သံဃာ ၁၀၈ ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီးသော် ဆရာတော်သံဃာတော်တို့က ဖောင်တော်ဆိုက်စေတီ အာရုံခံတန်ဆောင်း၌ ဖောင်တော်ဆိုက်စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရွှေထီးတော်တင်မင်္ဂလာ ဗုဒ္ဓါဘိသေကမင်္ဂလာ သာနာပွင့်ကုသိုလ်ထူး ဆည်းပူးမှု အလုံးစုံ ဥဿုံအောင်မြင်လေ၏။

နေတက်အားကောင်းသည့် နံနက် ၁၁ နာရီခွဲတွင်ကား ဖောင်တော်ဆိုက်စေတီတော်မှ ရတနာရွှေမိုးငွေမိုးဖြစ်သည့် ငွေကျပ်တစ်ထောင်တန်များ သွန်းကျလာ၏။ မိုးသီးကြွေချိန် မိုးသီးကောက်သောပမာ ရတနာရွှေမိုးငွေမိုး ပွင့်ချပ်များကို လိုက်လံကောက်ယူကြသူ လူထုပရိသတ်ကြီးကား အလွန်ပျော်မြူးစွာ ကခုန်နေကြကုန်၏။ လက်ထဲသို့ လွယ်လွယ်ကူကူ ကျရောက်လာသော ကျပ်တစ်ထောင် ငွေမိုးကြောင့် ပျော်မြူးသံ၊ အားရသံများ လွင့်ပျံနေသကဲ့သို့ လက်တစ်မြောက်လောက်အထိ ကျပ်တစ်ထောင်တန် ငွေပွင့်တွေကျလာပြီး လက်လှမ်းလို့ မီတမီတွင်မှ လေပင့်၍ ပြန်လွင့်တက်သွားသည်ကို သူ့ထက်ငါ ဦးအောင် အမိလိုက်ကြသည့် လူငယ်လူရွယ်တို့၏ လေနတ်သားထံ ဆုတောင်းသံ၊ အားမလိုအားမရအသံများ လွင့်ပျံနေကာ ပွဲတော်လာပရိသတ်ကြီး ပီတိစံချိန်တင်နေဆဲဝယ် ရတနာရွှေမိုးငွေမိုးရှင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဦးဆောင်သော စေတနာရှင်များသည် ဖောင်တော်ဆိုက်စေတီတော်အား အသစ်စက်စက် နှစ်သက်ကြည်လင်စွာ တပ်ဆင်လှူဒါန်း ဆက်ကပ်ပြီးဖြစ်သည့် စိန်ဖူးတော်ကို သဒ္ဓါသောမနဿဇောအမြတ် အနီးကပ်ဖူးမြော်ကာ ငြမ်းထက်မှ ပြန်လည်ဆင်းသက်ခဲ့ပြီး ကက္ကူစေတီစုထဲမှ အကြီးဆုံးစေတီတော်ကိုလည်းကောင်း၊ သီရိလင်္ကာမှ ပင့်ဆောင်လာသည့် ဗုဒ္ဓဓာတ်တော် နှစ်ဆူကိုလည်းကောင်း ဖူးမြော်ကြည်ညိုကြလေ၏။

(ည)

ကက္ကူစေတီစုထဲမှ ဒုတိယအကြီးဆုံး ဖောင်တော်ဆိုက်စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ပြီးမြောက်ပြီဖြစ်၍ ပင့်သံဃာ ၁၀၈ ပါးတို့ကို ဒေသအလိုက် ပြန်လည်ပို့ဆောင်ခြင်း၊ ပရိက္ခရာရှစ်ပါး စသည့် လှူဖွယ်ပစ္စည်းများ မမှားမယွင်းရအောင် ကြီးကြပ်အပ်နှံခြင်း စသည့် ကိစ္စအဝဝကို ပြည်နယ်သာသနာရေးဦးစီးဌာန ဒု-ဦးစီးမှူး ဦးသန်းညွှန့်နှင့်အဖွဲ့က စနစ်တကျစီမံသည်တွင် ဤအရှင်တို့ကား လွိုင်လင်ခရိုင်မှ ကားဖြင့် လွိုင်လင်သို့ ပြန်ကြွရမည်ဖြစ်ကြောင်း သိရ၏။

လွိုင်လင်သို့ တိုက်ရိုက်အပြန်ခရီးတွင် ကားဦးရှေ့ခန်း၌ လိုက်ပါလာရင်း နှလုံးသားသို့ ကာရန်များ တိုးဝှေ့လာသည်မှာ ဤသို့ဖြစ်ပါသတည်း။ ။

သဒ္ဓါလက်လူ၊ ပွင့်ခက်ကြူ၊ ကက္ကူစေတီစု။
တစ်ကျော့ပြန်ကာ၊ ဘုန်းတောက်လာ၊ ချိန်ခါသည်ယခု။
ဗုဒ္ဓသာသနံ၊ သဿတံ၊ စိရံတိဋ္ဌတု။
မရမ္မရဋ္ဌံ၊ သဿတံ၊ နိစ္စံတိဋ္ဌတု။

(ခက်ဆစ်=သဿတံ-ခိုင်ခိုင်မာမာ၊ စိရံ-ရှည်ရှည်ကြာကြာ၊ နိစ္စံ-မြဲမြဲမြံမြံ၊ မရမ္မရဋ္ဌံ-မြန်မာနိုင်ငံ)

ဆုချီးမြှင့်

သဃာင်းကျွန်းမြို့နယ် အမက(၃)ကျောင်း ၂၀၀၂-၂၀၀၃ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဒေါ်မြတ်မြတ်မူက သုံးနှစ်ဆက်တိုက် ဘက်စုံပထမထူးချွန်ဆုရ စတုတ္ထတန်းကျောင်းသား မောင်ထက်ရဲလင်းအား ဆုချီးမြှင့်စဉ်။ (၅၀၆)

ရေစက်ချအလှူနှင့် တရားပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်း ဓမ္မဒူတတောရကျောင်းတိုက် နာယကဆရာတော် အရှင်ပညိဿရ (ဓမ္မာစရိယ B.A, M.A)သည် ဖေဖော်ဝါရီ ၆ ရက်ညတွင် အင်္ဂပူမြို့နယ် ကွင်းကောက်တောင် ကျိုက္ခမီဘုရား ဓမ္မသဘင်၊ ဖေဖော်ဝါရီ ၁၀ ရက် ညတွင် ဘီးလင်းမြို့နယ် ယက္ကန်းသည်မကျေးရွာ စုပေါင်းစပါး ရေစက်ချအလှူတော်၊ ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်ညတို့တွင် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိအသင်း ဓမ္မသဘင်နှင့် ဖေဖော်ဝါရီ ၁၃ ရက်ညတွင် ပေါင်မြို့နယ် လက်ပံကျေးရွာ စပါး ရေစက်ချအလှူတော်၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာ့သံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ရုပ်မြင်သံကြားဇာတ်လမ်း အနာကြီးရောဂါကင်းဝေးရေးနေ့ အထိမ်းအမှတ် အစီအစဉ် "လူနဲ့လူ" ဒါရိုက်တာ-မောင်နှင်းမိုး သရုပ်ဆောင်-ရဲဝေယံ၊ အကယ်ဒမီ မေသဥ္ဇာဦး၊**
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၀** ၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
- **၄:၅၀** ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** (က) တတိယနှစ် (သမိုင်း) (ခ) ဒုတိယနှစ် (မြန်မာစာ)
- **၅:၃၀** ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မောင်ရွှေနဖာစုး မယ့်ရွှေနဖူးစာ (အပိုင်း-၃)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သစ္စာမဏ္ဍိုင် (အပိုင်း-၈)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ဗြိတိန်ပါလီမန်သို့ တင်သွင်းသည့် အီရတ်ဆိုင်ရာ ထောက်လှမ်းရေးသတင်း များယွင်းကြောင်း ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲ ဝန်ခံသင့်

လန်ဒန် ဖေဖော်ဝါရီ ၁

ပါလီမန်သို့ မိမိ တင်သွင်းခဲ့သော အီရတ်ဆိုင်ရာ ထောက်လှမ်းရေးသတင်းသည် မှားယွင်းကြောင်း ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် ဝန်ခံပြောကြားရန် ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်က တိုက်တွန်းလိုက်ကြောင်းဖြင့် ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း(ဘီဘီစီ)က သောကြာနေ့တွင် ထုတ်ဖော်ကြေညာသည်။

အမှန်တရားကိုငြင်းပယ်ရန် ယခုထက်တိုင် ကြိုးပမ်းနေသည့် မိမိတို့အစိုးရ၏ လုပ်ရပ်ကို စောင့်စားကြည့်ရှုနေသည်မှာ စိတ်ကသိကအောက် ဖြစ်စရာကောင်းလှကြောင်း ရော်ဘင်ကွတ်က ပြောကြားသည်။

နုတ်ထွက်

ရော်ဘင်ကွတ်သည် အီရတ်စစ်ပွဲအား ထောက်ခံသည့် တိုနီဘလဲ၏ မူဝါဒအား ကန့်ကွက်ဆန္ဒပြသည့်အနေဖြင့် အောက်လွှတ်တော် အကြီးအကဲအဖြစ်မှ နုတ်ထွက်ခဲ့သည်။

ဝန်ကြီးချုပ် တိုနီဘလဲ အနေဖြင့် အီရတ်နိုင်ငံဆိုင်ရာ လူအစုအပြုံလိုက် သေစေသည့် အဖျက်လက်နက်များနှင့် ပတ်သက်သည့် သတင်း အချက်အလက်များအား သဘောရိုးဖြင့် ယုံကြည်နေလင့်ကစား မှားယွင်းနေကြောင်း ဝန်ခံသင့်သည်ဟု ရော်ဘင်ကွတ်က ဆက်လက်ပြောကြားသည်။

သဘောထားတင်းမာ

ယခုအခါ လော့ဒ်ဟတ်တန်က တိုနီဘလဲအား လိမ်လည်လှည့်ဖြားမှုနှင့် ပတ်သက်၍ ဖယ်ရှားပေးလိုက်ပြီဖြစ်ကြောင်း၊ တိုနီဘလဲ သဘောထားမှာ တင်းမာလျက်ရှိနေကြောင်း၊ ၎င်းပေးသည့် သတင်းအား သဘောရိုးဖြင့် ယုံကြည်ပြီး ပါလီမန်သို့ တင်ပြသည့်ကိစ္စနှင့်ပတ်သက်၍ ဝန်ခံပြောကြားရန် ယခုကဲ့သို့ ပိုမိုကောင်းမွန်သည့် အခွင့်အရေး မည်သည့်အခါမျှ ရနိုင်မည် မဟုတ်ကြောင်း ရော်ဘင်ကွတ်က ထပ်လောင်းပြောကြားသည်။

ဝန်ခံပြောကြားခဲ့

အမေရိကန် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးအရာရှိ ကွန်ဒိုလီဇာရိုက်စ်ကလည်း အီရတ်စစ်ပွဲမတိုင်မီက ထောက်လှမ်းရေး သတင်းများတွင် အပြစ်အနာဆာများရှိကြောင်း ဝန်ခံပြောကြားခဲ့သည်။

ယခုအခါ အမေရိကန် အိမ်ဖြူကပင်လျှင် သူတို့ ရရှိခဲ့သည့် သတင်းအချက်အလက် မှားယွင်းနိုင်ဖွယ်ရှိကြောင်း ဝန်ခံပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ အမှန်တရားအား ငြင်းကွယ်ရန် ကြိုးပမ်းနေသည့် မိမိတို့အစိုးရ၏ ဝန်ခံပြောကြားမှုကို စောင့်စားနေသည်မှာ စိတ်ကျဉ်းကျပ်စရာ ကောင်းကြောင်း၊ ယင်းလက်နက်ကိစ္စမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ ယင်းအဖျက်လက်နက်များ မတွေ့နိုင်တော့ဟု ဗြိတိသျှအစိုးရက ယခုအခါ လက်ခံလာပြီ ဖြစ်သည်ဖြင့် ရော်ဘတ်ကွတ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ တိုက်ဂရစ်မြစ်အတွင်း ရေနံများ ယိုစိမ့်သဖြင့် ရေထု ညစ်ညမ်းနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲတွင် ဗြိတိန်ပါဝင်တိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးရန် ဘီဘီစီဝန်ထမ်းများ ထပ်မံတောင်းဆို

လန်ဒန် ဖေဖော်ဝါရီ ၁

လော့ဒ်ဟတ်တန်၏ အစီရင်ခံစာနှင့် ပတ်သက်၍ ဂယက်ရိုက်မှု မစဲဘဲဖြစ်နေချိန် ဘီဘီစီအသံလွှင့်ဌာနမှ ဒေါသတကြီးဖြစ်နေသည့် ဝန်ထမ်းများက ၎င်းတို့၏ အကြီးအကဲဟောင်းဘက်မှ စနေနေ့က ကာကွယ်ပြောဆိုကြပြီး အီရတ်စစ်ပွဲတွင် ဗြိတိန်နိုင်ငံ တိုက်ခိုက်မှုအပေါ် စုံစမ်းစစ်ဆေးရန် နောက်ထပ် တောင်းဆိုမှုအသစ်များ ပေါ်ပေါက်လျက်ရှိသည်။

လော့ဒ်ဟတ်တန်၏ အစီရင်ခံစာက ဘီဘီစီအား ပြင်းပြင်းထန်ထန် ပြစ်တင်ထားမှုနှင့် လက်နက်ကျွမ်းကျင်သူ ဒေးဗစ်ကယ်လီ သေကြောင်းကြံမှုအပေါ် ဗြိတိသျှအစိုးရ အနေဖြင့် အပြစ်မှ လွတ်ကင်းနေမှုတို့အပေါ် ထိတ်လန့် ချောက်ချားလျက်ရှိနေပြီး ဘီဘီစီဝန်ထမ်းများ ရာချီ၍ ၎င်းတို့၏ ခံစားမှုများ ထုတ်ဖော်ပြသသည့်အနေဖြင့် သတင်းစာတွင် မျက်နှာပြည့် ကြော်ငြာထည့်၍ ရေးသားဖော်ပြကြသည်။

ဂရက်ဒိုက်သည် ဘီဘီစီအတွက် အမှန်တရား ရှာဖွေရင်း မကြောက်မရွံ့ဘဲ လွတ်လွတ်လပ်လပ် ရဲရဲဝံ့ဝံ့ဖြင့် သတင်းစာပညာကို အသုံးပြုကာ ရပ်တည်သွားခဲ့ကြောင်းဖြင့် ဘီဘီစီ ဝန်ထမ်းများက ဘီဘီစီညွှန်ကြားရေးမှူးချုပ်ဟောင်းဘက်မှ ကာကွယ်ပြောကြားကြသည်။ ဂရက်ဒိုက်သည် ဟတ်တန်အစီရင်ခံစာ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ပြီးနောက် ရာထူးမှ နုတ်ထွက်သွားခဲ့သူဖြစ်သည်။

နုတ်ထွက်

ဘီဘီစီအုပ်ချုပ်ရေးမှူးများအဖွဲ့ ဥက္ကဋ္ဌဟောင်း ဒေးဗစ်သည် ဗုဒ္ဓဟူးနေ့တွင် ရာထူးမှ နုတ်ထွက်ပြီး သတင်းထောက် အင်ဒရူးဂင်လီဂန်သည် သောကြာနေ့တွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။

ယုံကြည်

အမှန်တရား ရှာဖွေရာတွင် အချက်အလက်များ စူးစမ်းရှာဖွေရာတွင် ဘီဘီစီအနေဖြင့် ဆုံးဖြတ်ချက်မှ နောက်တွန့်မည်မဟုတ်ဟု မိမိတို့ မဆုတ်မနစ် ယုံကြည်ထားကြကြောင်း ဘီဘီစီဝန်ထမ်းများက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗြိတိန်နိုင်ငံပါလီမန်အဆောက်အအုံတစ်ဝိုက် ကာရံထားသည့် အုတ်တံတိုင်းတွင် စစ်ပွဲအလိုမရှိ စာတန်းရေးသားထားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေနံပိုက်လိုင်း ပေါက်ပြဲ ယိုစိမ့်သဖြင့် တိုက်ဂရစ်မြစ်ရေ ညစ်ညမ်းလျက်ရှိ

တီကရစ်(အီရတ်) ဖေဖော်ဝါရီ ၁

ရေနံပိုက်လိုင်း ပေါက်ပြဲမှုကြောင့် ရေနံအများအပြား အီရတ်နိုင်ငံ၏ တိုက်ဂရစ်မြစ်တွင်းသို့ သောကြာနေ့က ယိုစိမ့်လျက်ရှိရာ အီရတ်နိုင်ငံ၏ အဓိက ရေအရင်းအမြစ်ဖြစ်သည့် တိုက်ဂရစ်မြစ်တွင်းသို့ ဒုတိယအကြိမ်မြောက် ရေနံယိုစိမ့်မှု၏ ဇာစ်မြစ်ကို အမေရိကန်တပ်ဖွဲ့က အလျင်အမြန် ရှာဖွေလျက်ရှိသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ယင်းဒေသရှိ ရေနံပိုက်လိုင်း လုပ်ငန်းကွန်ရက်နှင့် ရေနံသိုလှောင်ရုံများကို ပြဿနာအရင်းအမြစ်သိရှိရန် ပိုက်စိပ်တိုက် စစ်ဆေးနေကြပြီး ရေနံပိုက်လိုင်းမှ ရေနံယိုစိမ့်မှုကို သောကြာနေ့က ရှာဖွေတွေ့ရှိခဲ့ကြကြောင်းဖြင့် အမှတ်(၄) ခြေလျင်တပ်မမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ယုံကြည်

ရေနံပိုက်လိုင်း ရေနံယိုစိမ့်ထွက်နေကြောင်း၊ ဘိုင်ဂျီမြို့ မြောက်ပိုင်းမြစ်အတွင်း စီးဆင်းဖြတ်သန်းသွားကြောင်း၊ ပိုက်လိုင်း ဂဟေဆက်ရာတွင် မကောင်း၍ ဖြစ်သည်ဟု အားလုံးက ယုံကြည်ထားကြကြောင်း ဗိုလ်မှူးဂျော့စလင်း အေဘာလီက ပြောကြားသည်။

မြောက်ပိုင်းရေနံကုမ္ပဏီက ယင်းပိုက်လိုင်းယိုစိမ့်မှုကို ပြင်ဆင်လျက်ရှိကြောင်း၊ ပိုက်လိုင်းဂဟေဆက်ရာ ပြုတ်နေသည့် ပြင်ဆင်နေချိန်ဝယ် ၎င်းကုမ္ပဏီမှအဖွဲ့က မြစ်အတွင်း ပေါ်လောပေါ်နေသည့် အတားအဆီးများ ထားရှိကာ ရေနံများ ရှိရာနေရာကို ကန့်၍ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း အေဘာလီက ဆက်လက်ပြောကြားသည်။

ဘိုင်ဂျီရေနံချက်စက်ရုံမှ တူရကီနိုင်ငံသို့ သွယ်တန်းထားသည့် အဓိက ပြည်ပပို့ ရေနံပိုက်လိုင်းအား မသမာသူများက ကြိမ်ဖန်များစွာ ဖျက်ဆီးလျက်ရှိကြပြီး ယင်းပိုက်လိုင်းမှ ရေနံယိုထွက်ခဲ့ရခြင်းဖြစ်သည်။ တိုက်ဂရစ်မြစ်သည် အီရတ်နိုင်ငံ တောင်ပိုင်းတွင် ရစ်ခွေစီးဆင်းသွားရာ ယင်းမြစ်ကို ရေနံပိုက်လိုင်းများက နီးကပ်စွာ သွယ်တန်းထားခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန် ထောက်ခံသည့် အက်ဖ်တာ အစီအစဉ် ဖျက်သိမ်းပစ်ရန် ကျူးဘားခေါင်းဆောင် တိုက်တွန်း

ဟားဗားနား ဖေဖော်ဝါရီ ၁

အမေရိကန် ထောက်ခံသည့် အမေရိကနိုင်ငံများ၏ လွတ်လပ်သည့် ကုန်သွယ်ရေးဒေသ (အက်ဖ်တာ) ဖျက်သိမ်းရေးအတွက် ကျူးဘားခေါင်းဆောင် ကက်စထရိုက လက်တင်အမေရိကမှ ကိုယ်စားလှယ် ၁၀၀၀ ကျော်တို့အား မိန့်ခွန်းပြောကြားရာတွင် တိုက်တွန်းနှိုးဆော်လိုက်သည်။

ကက်စထရိုက အက်ဖ်တာသည် လက်တင်အမေရိကနိုင်ငံများအား ပိုမိုဆင်းရဲစေသည့် အစီအစဉ်ဖြစ်ပြီး လက်တင်အမေရိကဒေသအား တိုက်ခိုက်သိမ်းပိုက်လိုသည့် အမေရိကန်ပြည်ထောင်စု၏ မူဝါဒကိုလည်း ဝေဖန်သည်။ ကက်စထရိုက အက်ဖ်တာ ဆန့်ကျင်ရေး တတိယအကြိမ်မြောက် အနောက်ကမ္ဘာခြမ်းဖိုရမ်အစည်းအဝေးတွင် အခမ်းအနား အပိတ်မိန့်ခွန်း ငါးနာရီကြာ ပြောကြားရာတွင် ထည့်သွင်းဝေဖန်ခဲ့ခြင်းဖြစ်သည်။

ကျူးဘားအစိုးရအား ဆန့်ကျင်သည့် ဘုရှ်အစိုးရ၏ ခက်ထန်မာကြောသော မူဝါဒများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မိမိအား သတ်ဖြတ်ရန် သမ္မတဂျော့ဂျ်ဒဗလျူ၊ဘုရှ်က မီယာမီရှိ ပြည်ပြေးများနှင့် အကွက်ချကြံစည်နေကြောင်း ကက်စထရိုက စွပ်စွဲထားသည်။ အီရတ်စစ်ပွဲသည် ဓားပြတိုက်သည့်စစ်ပွဲနှင့် တူညီနေကြောင်း၊ နိုင်ငံတစ်နိုင်ငံက အခြားမည်သည့်နိုင်ငံကိုမျှ သိမ်းပိုက်ခွင့်မရှိ၊ သို့တည်းမဟုတ် ယင်းနိုင်ငံ၏ အချုပ်အခြာနှင့် လွတ်လပ်ရေးကို ချိုးဖောက်ခွင့် မရှိကြောင်း စသည်ဖြင့် ကက်စထရိုက အလေးအနက်ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

သမ္မတဘုရှ်သည် အမေရိကန်ပြည်သူတို့အပေါ် သစ္စာမရှိသူဖြစ် ဒီမိုကရက်တစ် သမ္မတလောင်း ဟောင်းဝပ်ဒင်း စွပ်စွဲပြောဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၂

အီရတ်စစ်ပွဲမတိုင်မီ အမေရိကန်ထောက်လှမ်းရေး၏ ညံ့ဖျင်းမှုများကို စုံစမ်းစစ်ဆေးရန် သီးခြားလွတ်လပ်သည့် ကော်မရှင်၏ အသေးစိတ် အချက်အလက်များကို စုံစမ်းစစ်ဆေးရာတွင် မူဝါဒရေးဆွဲသူများက သတင်းအချက်အလက်များအား တလွဲအသုံးချခြင်း ရှိ၊ မရှိဆိုသော အချက်များကို အမေရိကန်သမ္မတရုံးနှင့် အမေရိကန်ကွန်ဂရက်အမတ်များ တနင်္လာနေ့က ဆွေးနွေးခဲ့ကြောင်း ဝါရှင့်ဒီမိုကရက်အမတ်တစ်ဦးက ပြောကြားလိုက်သည်။

သမ္မတဘုရှ်သည် စောစောပိုင်းက အဆိုပါ ကော်မရှင်ဖြင့် စုံစမ်းစစ်ဆေးရေးကိစ္စမျိုးကို ဆန့်ကျင်ကန့်ကွက်ခဲ့သော်လည်း ယခုအခါတွင် ရီပတ်ဘလီကန်နှင့် ဒီမိုကရက်အုပ်စုနှစ်ခုစလုံးပါဝင်သော ကွန်ဂရက်အဖွဲ့ဝင်များ၏ ဖိအားပေးမှုအောက်တွင် ရှိနေရပြီဟုဆိုသည်။ အမှန်တကယ် စစ်ဆေးပြီးသည့်အခါ အီရတ်က ပိုင်ဆိုင်ထားသည်ဆိုသော ဇီဝလက်နက်နှင့် ဓာတုလက်နက်ဟူ၍ လုံးဝမတွေ့ရသည့်အခါ ထောက်လှမ်းရေး အချက်အလက်ကို သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် အဆိုပါ အမတ်များက ထောက်ခံလျက်ရှိနေကြသည်။

ယခုအချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀ ကျော် သေဆုံးနေရသည့် အီရတ်စစ်ပွဲအတွက် သမ္မတဘုရှ်က လက်နက်ပြဿနာကို အဓိကအကြောင်းပြခဲ့ခြင်းဖြစ်သည်။

ထောက်လှမ်းရေး သတင်းများကို စုံစမ်းစစ်ဆေးရေးနှင့် ပတ်သက်၍ မကြာမီဘုရှ်က အပြီးသတ်အဆုံးအဖြတ်ပေးမည်ဟု မျှော်လင့်ထားကြသည်။

ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ်နှင့် အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ရော့ဖဲလားက စုံစမ်းစစ်ဆေးရေးကိစ္စကို လာမည့်နိုဝင်ဘာ ရွေးကောက်ပွဲမတိုင်မီ စတင်မည်ဖြစ်ကြောင်းနှင့် ယင်းသို့ စုံစမ်းရာတွင် စစ်ဆင်နွှဲရန် အဆုံးအဖြတ်ပေးသူများသည် ထောက်လှမ်းရေး သတင်းကို မည်သို့မည်ပုံ အသုံးချသည်ဆိုသော အချက်လည်း ပါဝင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဒီမိုကရက်တစ်ပါတီမှသမ္မတလောင်းတစ်ဦးဖြစ်သည့် ဟောင်းဝပ်ဒင်းသည် အီရတ်စစ်ပွဲနှင့် ပတ်သက်၍ အပြင်းအထန် ဝေဖန်တိုက်ခိုက်ခဲ့သူတစ်ဦးဖြစ်ပြီး သမ္မတဘုရှ်သည် အမေရိကန်ပြည်သူလူထုအပေါ် သစ္စာမရှိသူတစ်ဦးဖြစ်ကြောင်း စွပ်စွဲပြောဆိုလိုက်သည်။

ထို့ပြင် ၎င်းက သမ္မတသည် မည်သည့်အတွက်ကြောင့် ပြည်သူလူထုအပေါ် ရိုးသားဖြောင့်မတ်မှု မရှိခဲ့သနည်းဆိုသည်ကို မိမိတို့ မပြောနိုင်ဟု ၎င်းက အင်ဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဇန်နဝါရီ ၂ ရက်က အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆရာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ပိုလန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတွင် အစွမ်းထက် လက်နက်များ မတွေ့ရ အမေရိကန်သမ္မတဘုရှ်အတွက် အခက်အခဲတွေ့

ဝါရှင်တန် ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံတွင် အမေရိကန်သမ္မတဘုရှ်အစိုးရအဖွဲ့ စွပ်စွဲထားသကဲ့သို့ အစွမ်းထက် လက်နက်များ မတွေ့ရှိရသည့်အတွက် အမေရိကန်နိုင်ငံရေးလောကအတွင်း အဓိကပြဿနာအဖြစ် ပေါ်ထွက်လာပြီး အမေရိကန်သမ္မတအတွက် အခက်အခဲတွေ့စေခဲ့သည်။

အီရတ်နိုင်ငံတွင် လက်နက်များ ရှာဖွေရာ၌ ကိုးလတာကာလအတွင်း လူပေါင်း ၁၄၀၀ ကို အသုံးပြုကာ စရိတ်စကများစွာ အကုန်အကျခံ သုံးစွဲခဲ့သည်။ အမေရိကန်လက်နက်စစ်ဆေးရေးမှူးဟောင်း ဒေးဗစ်ကေးကို အထက်လွှတ်တော်ကော်မတီက မေးမြန်းရာတွင် အီရတ်နိုင်ငံတွင် စစ်ဘက်သုံး ဓာတုနှင့် ဇီဝလက်နက်များ အစုအပြုံလိုက် စုဆောင်းထားရှိသည်ကို လုံးဝ မတွေ့ရှိခဲ့ရကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အချက်ကြောင့် ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲ ဆင်နွှဲရန် အီရတ်လက်နက်များကို အကြောင်းပြခဲ့သည့် အမေရိကန်သမ္မတဘုရှ်သည် လိမ်ညာပြောဆိုခဲ့သလောဟု လူအများက မေးခွန်းထုတ်သိချင်လာကြသည်။

လက်နက် စစ်ဆေးရေးမှူးဟောင်း ဒေးဗစ်ကေးကလည်း စီအိုင်အေအနေဖြင့် မှားယွင်းမှုများရှိသည်ဟု စွပ်စွဲခဲ့ပြီး စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် တောင်းဆိုခဲ့ရာ သမ္မတဘုရှ်က အဖြေမပေးသေးဘဲရှိသည်။ ဒီမိုကရက်တစ် ပါတီဝင် သမ္မတလောင်းများက စီအိုင်အေကို ဖိအားပေးပြီး အမေရိကန်အစိုးရသည် ပြည်သူကို လိမ်ညာခဲ့သည်ဟု စွပ်စွဲလာကြသည်။

စီအက်ဖ်အိုင်။

သမ္မတဘုရှ်၏ မဆင်မခြင် ဆောင်ရွက်သည့် နိုင်ငံခြားရေးမူဝါဒအား အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီ အပြင်းအထန်ဝေဖန်

ကင်ဆပ်စ်စီးတီး(မစ်ဆူရီ) ဖေဖော်ဝါရီ ၂

အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီက အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်၏ မဆင်မခြင် ဆောင်ရွက်သည့် နိုင်ငံခြားရေးမူဝါဒအား အပြင်းအထန် ဝေဖန်ပုတ်ခတ်လိုက်ပြီး သမ္မတရာထူးမှ ပြုတ်ကျသွားစေရန် သန္နိဋ္ဌာန်ချမှတ်လိုက်ကြောင်း ပြောကြားလိုက်သည်။ ဂျွန်ကယ်ရီသည် ဒီမိုကရက်တစ်ပါတီမှ သမ္မတရွေးကောက်ပွဲဝင်ရန် ကြိုးပမ်းနေသူဖြစ်ပြီး မစ်ဆူရီပြည်နယ်တွင် ထောက်ခံမှု အင်အားကောင်းမွန်နေသူဖြစ်သည်။

မဲပေးပွဲမကျင်းပမီ ဂျွန်ကယ်ရီက မစ်ဆူရီပြည်နယ် ထောက်ခံမှု အားကောင်းလျက်ရှိရာ ပြည်နယ်ရှိ မဲဆန္ဒရှင်များအား အင်ပြည့်အားပြည့် စည်းရုံးမဲဆွယ်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သြဘာပေး

ဂျွန်ကယ်ရီက မဲဆန္ဒရှင်ပြည်သူ ၁၀၀၀ ခန့်နှင့် တွေ့ဆုံခဲ့ရာ ၎င်းအား ထောက်ခံသူများက သမ္မတဘုရှ်အား ၎င်း၏ အပြင်းအထန် ဝေဖန်ပုတ်ခတ်မှုအပေါ် သောင်းသောင်းဖြဖြ သြဘာပေးခဲ့ကြသည်။

ထင်မြင်

မိမိရောက်ရှိလာမှုကို အိမ်ဖြူတော်အကြံပေးအရာရှိ ကားလ်ရုဗ်၏ ရုံးခန်းမှ ကြားသိနေကြမည် ဖြစ်ကြောင်း၊ ၎င်းတို့ ကြောက်ဒူးတုန်နေပြီဖြစ်ပြီး စိတ်ပူပင်သောက ရောက်နေကြပြီဖြစ်သည်ဟု မိမိ ထင်မြင်မိကြောင်း စသည်ဖြင့် ဂျွန်ကယ်ရီက ပြောကြားသည်။

ကင်းကွာ

ဂျွန်ကယ်ရီက သမ္မတဘုရှ်သည် မဲဆွယ်တရားဟောသူများ၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးမှုနှင့် အိမ်ဖြူအတွက် အကျိုးရရှိစေမည့် အထူးအခွင့်အရေးများကိုလည်း ဝေဖန်လိုက်ပြီး အီရတ်စစ်ပွဲအား အမေရိကန်ဦးဆောင်၍ စစ်ဆင်နွှဲမှုကြောင့် ကျန်ကမ္ဘာ့နိုင်ငံများနှင့် ကင်းကွာသည့် အခြေသို့ ဆိုက်ရောက်ခဲ့ရကြောင်း ထပ်မံဝေဖန်လိုက်သည်။

ပြန်ပို့ပေးမည်

သမ္မတဘုရှ်သည် စိတ်ကြီးဝင် မာန်တက် အသုံးမကျဖြစ်ပြီး ဆင်ဆင်ခြင်ခြင်မရှိသည့် နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်သည့် သဘောတရားရေးကို အမေရိကန် ခေတ်သစ်သမိုင်းတွင် ထူထောင်ခဲ့သူဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုအချိန်အခါသည် ဘုရှ်သမ္မတသက်တမ်း နိဂုံးချုပ်ရေး အစပိုင်းဟု သတ်မှတ်ရန်ဖြစ်ပြီး ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်အား တက္ကဆက်ပြည်နယ်သို့ မိမိတို့က ပြန်ပို့ပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဇန်နဝါရီ ၂၈ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ ဟိုတယ်တစ်ခုတွင် အသေခံ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စစ်ဆေးကြည့်ရှုနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ဦးရှိ

လန်ဒန် ဖေဖော်ဝါရီ ၁

ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသည် အီရတ်နိုင်ငံ တောင်ပိုင်းတွင် အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေစဉ် မတော်တစ်ဆ ဖြစ်ပွားမှုကြောင့် သေဆုံးသွားကြောင်း တနင်္လာနေ့တွင် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

သေဆုံးသွားသူ အင်ဂျင်နီယာတပ်ဖွဲ့ဝင်မှာ အမှတ်(၃၅) အင်ဂျင်နီယာတပ်ရင်းမှဖြစ်ပြီး အသက် ၂၂ နှစ်အရွယ်ရှိ တပ်သား ရောဘတ်သော်မဆင် ဖြစ်၏။

သေဆုံးရမှုနှင့် ပတ်သက်၍ ထိုမျှသာ ဖော်ပြပြီး အသေးစိတ် အချက်အလက်များကို ထုတ်ပြန်ခဲ့ခြင်းမရှိဟု ဆိုသည်။

ကာကွယ်ရေး ဝန်ကြီးဌာနသည် သေဆုံးသူ မိသားစုနှင့်အတူ ခံစားကြရပြီး မီဒီယာသတင်းဌာနများ အနေဖြင့် မိသားစု၏ ပုဂ္ဂိုလ်ရေး လွတ်လပ်မှုကို အလေးထားကြရန် မေတ္တာရပ်ခံသည်ဟူ၍သာ ဖော်ပြထားသည်။

သော်မဆင်သည် အီရတ်နိုင်ငံ၌ သေဆုံးရသည့် ၅၈ ဦးမြောက် ဗြိတိသျှတပ်ဖွဲ့ဝင်ဖြစ်ကြောင်း သိရသည်။ *အင်တာနက်။*

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်စစ်ပွဲ မှတ်တမ်းများ

အီရတ်စစ်ပွဲကြောင့် ပျက်စီးခဲ့ရသော အခြေခံအဆောက်အအုံလုပ်ငန်းများ ပြန်လည်ထူထောင်ရန် ငွေကြေးလိုအပ်ချက်များပြား

အီရတ်စစ်ပွဲကာလအတွင်း မြို့တော်ဘဂ္ဂဒက်အပါအဝင် အီရတ်တစ်နိုင်ငံလုံးအား အမေရိကန်တပ်ဖွဲ့များက အင်အားသုံး တိုက်ခိုက်ခဲ့သဖြင့် အခြေခံအဆောက်အအုံများ အကြီးအကျယ်ပျက်စီးခဲ့ရသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကြေးလိုအပ်ချက်ပမာဏ များပြားကာ နိုင်ငံပြန်လည်ထူထောင်ရေးအတွက် ၁၀ နှစ်ကြာမျှ အချိန်ယူဆောင်ရွက်ရမည်ဟု နိုင်ငံတကာစီးပွားရေးပညာရှင်များက ခန့်မှန်းထားသည်။

အီရတ်နိုင်ငံမြောက်ပိုင်း ဘေဂျီမြို့အနီးတွင် စစ်ပွဲကာလအတွင်း ရေနံပိုက်လိုင်း မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။

မသန့်ရှင်းသောရေကိုခပ်ယူ

အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆရာမြို့တွင် ရေပြတ်လပ်သဖြင့် တူးမြောင်းထဲမှ မသန့်ရှင်းသောရေကို ခတ်ယူနေသည့် အမျိုးသားတစ်ဦးအား တွေ့ရစဉ်။

အီရတ်စစ်ပွဲကြောင့် ပျက်စီးခဲ့ရသော အခြေခံအဆောက်အအုံ လုပ်ငန်းများ ပြန်လည်ထူထောင်ရန် ငွေကြေးလိုအပ်ချက်

စဉ်	လုပ်ငန်းကဏ္ဍများ	ကုန်ကျမည့်ငွေကြေး
၁။	လျှပ်စစ်ဓာတ်အားပေးရေးစနစ်	ဒေါ်လာ ၁၂ ဘီလျံ
၂။	ရေနှင့်သန့်ရှင်းရေးလုပ်ငန်းစနစ်များ	ဒေါ်လာ ၆ ဘီလျံ
၃။	ပညာရေး	ဒေါ်လာ ၄ ဒသမ ၈ ဘီလျံ
၄။	ဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး	ဒေါ်လာ ၃ ဒသမ ၄ ဘီလျံ
၅။	လယ်ယာစိုက်ပျိုးရေး	ဒေါ်လာ ၃ ဘီလျံ
၆။	အိုးအိမ်နှင့်မြို့ပြတည်ဆောက်ရေး	ဒေါ်လာ ၁ ဒသမ ၈ ဘီလျံ
၇။	ကျန်းမာရေး	ဒေါ်လာ ၁ ဒသမ ၆ ဘီလျံ
၈။	မြို့ပြလုံခြုံရေး	ဒေါ်လာ ၅ ဘီလျံ
၉။	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း	ဒေါ်လာ ၃ ဒသမ ၅ ဘီလျံ
၁၀။	ရေနံထုတ်လုပ်ရေးလုပ်ငန်းများ	ဒေါ်လာ ၈ ဘီလျံ
	စုစုပေါင်း	**ဒေါ်လာ ၄၉ ဒသမ ၁ ဘီလျံ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂကိုယ်စားလှယ် ဌာနချုပ်ရုံးဖွင့်လှစ်ရာ ဟိုတယ်အဆောက်အအုံ၌ ဩဂုတ် ၁၉ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်နေစဉ်။

ဂျော်ဒန်–အီရတ်နယ်စပ်တွင် ဂျော်ဒန်အစိုးရက ဆောက်လုပ်ပေးထားသော ယာယီဒုက္ခသည်စခန်းတစ်ခု၌ အီရတ်လူမျိုး စစ်ပြေးမိသားစုတစ်စုကို တွေ့ရစဉ်။

ဘဂ္ဂဒက်အနောက်ဘက် ကီလိုမီတာ ၆၀ အကွာ ဖော်လူဂျာမြို့တွင် ပျက်စီးသွားသော လျှပ်စစ်ဓာတ်အားပေး ထရန်စဖော်မာကို အီရတ် လျှပ်စစ် အလုပ်သမားများက ကြည့်ရှုစစ်ဆေးနေစဉ်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
လမ်း/တံတား		
ကတ္တရာလမ်းမိုင်	၁၁၀	၂၁၄
အမာခံလမ်းမိုင်	၂၅၈	၃၁၄
မြေသားလမ်း	၇၀၅	၈၂၀
ပေ ၁၈၀အထက်တံတား	၄	၈
ပေ ၁၈၀ အောက်တံတား	၂၅၀	၅၇၂
ဆက်သွယ်ရေး		
မိုက္ကရိုဝေ့ဗ်	–	၁၁
ကြေးနန်းရုံး	၂	၂၀
အော်တိုအိတ်ချိန်း	၄	၃၃
စာတိုက်	၁၁	၂၆
တယ်လီဖုန်း	၂၅၁၀	၇၄၆၅
ဂြိုဟ်တုဆက်သွယ်ရေး	–	၂
လျှပ်စစ်ဓာတ်အား		
ဒီဇယ်ဓာတ်အားပေးစက်ရုံ	၂၀	၅၉
ရေအားလျှပ်စစ်	–	၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ လေဆိပ်သစ် အဆောက်အအုံ။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် တည်ဆောက်လျက်ရှိသော အထွေထွေရောဂါကု ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။

ပြည်ထောင်စုနေ့အကြို ဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ပြန်ကြားရေး		
မြန်မာ့အလင်း၊ ကြေးမုံ ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)	–	၁
ပြန်/ဆက်ရုံး	–	၁၄
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	၃	၁၂
ပညာရေး		
အခြေခံပညာကျောင်း	၃၅၅	၆၁၁
သင်ထောက်ကူစာသင်ခန်း	–	၁၈
E- Library	–	၁၁
ကောလိပ်/တက္ကသိုလ်	–	၃
ကျန်းမာရေး		
ခုတင် ၂၀၀ ဆံ့ဆေးရုံ	–	၁
ခုတင် ၅၀ ဆံ့ဆေးရုံ	၁	၃
၂၅ ခုတင်ဆံ့ဆေးရုံ	၁	၆
နယ်စပ်ဆေးရုံ	–	၆
ကျေးလက်ကျန်းမာရေးဌာန	၁၈	၂၄
နယ်စပ်ဆေးပေးခန်း	–	၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဒီဂရီကောလိပ်ကို တွေ့ရစဉ်။



စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

တပ်မတော်အစိုးရသည် နိုင်ငံတော်ကို စတင်တာဝန်ယူ ဦးဆောင်သည့် အချိန်ကာလမှစ၍ လွတ်လပ်ရေးနှင့် မရှေးမနှောင်း နိုင်ငံနှင့်အဝန်း လောင်ကျွမ်းလာခဲ့သော ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခကို ငြိမ်းသတ်နိုင်ရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန် အခိုင်အမာဆုံးဖြတ်ခဲ့သည်။ တစ်နည်းအားဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို ထမြောက်အောင်မြင်စွာ မဆောင်ရွက်နိုင်သကဲ့သို့ ခေတ်နောက်ကျသော နိုင်ငံတစ်နိုင်ငံ ဖြစ်နေခြင်းနှင့်အတူ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝသည်လည်း အေးချမ်းတည်ငြိမ်မှုမရှိဘဲ ဆင်းရဲကျပ်တည်းမှုကို ခါးသီးစွာခံစားနေရသည်ကို တပ်မတော်အစိုးရသည် ဖြတ်သန်းလာခဲ့ရသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခခရီးကြမ်းတွင် မျက်ဝါးထင်ထင် မြင်ခဲ့တွေ့ခဲ့ကြုံခဲ့ရလေသည်။

ထို့ကြောင့်ပင် နိုင်ငံတော်ကို ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကိုချုပ်ငြိမ်းရန် လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်နေကြသော အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရမည်ဟူ၍ ယုံကြည်ခံယူပြီးဖြစ်ခဲ့ရာ လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်နေကြသော အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးရယူရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယင်းအခြေအနေများအရ အရှေ့မြောက်ဒေသရှိ ဗကပအင်အားစုဖြစ်သော ကိုးကန့်တိုင်းရင်းသားလက်နက်ကိုင်များသည် ၁၉၈၉ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ဗကပမှ ခွဲထွက်ခဲ့ပြီး "မြန်မာနိုင်ငံလူမျိုးစုဒီမိုကရေစီတပ်ပေါင်းစု"ကို ဖွဲ့စည်းခဲ့သည်။ ဧပြီလ ၁၃ ရက်နေ့တွင် တပ်မတော်ကိုယ်စားလှယ်များသည် ကိုးကန့်ဒေသသို့သွားရောက်၍ ကိုးကန့်ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးနှင့် အကူအညီလိုအပ်မှုများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ဧပြီလ ၂၅ ရက်နေ့တွင် တပ်မတော်ကိုယ်စားလှယ်အဖွဲ့က ကိုးကန့်ဒေသသို့ ထပ်မံသွားရောက်၍ လိုအပ်သည့် ဆေးဝါး၊ ရိက္ခာများကို ပေးအပ်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကိုးကန့်အဖွဲ့အား နိုင်ငံတော်အစိုးရက **ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၁)** အဖြစ် သတ်မှတ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့သည်။ ကိုးကန့်ဒေသသည် ရှမ်းပြည်နယ် မြောက်ပိုင်း မြန်မာ-တရုတ်နယ်စပ် မုံးကိုး၊ ကုန်းကြမ်း၊ လောက်ကိုင်၊ ချင်းရွှေဟော်ဒေသများဖြစ်ပြီး ဗြိတိသျှ နယ်ချဲ့ကိုလိုနီလက်ထက်ကတည်းက ဘိန်းအကြီးအကျယ် စိုက်ပျိုးရာဒေသဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ရယူပြီးချိန်မှစ၍ နိုင်ငံတော်အစိုးရက လမ်းဖောက်လုပ်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးစသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ စီမံကိန်းချမှတ်ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်မှလည်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး မူဝါဒနှင့်အညီ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

(၇-၁-၉၆)ရက်နေ့တွင် MTA ဌာနချုပ် ဟိုမိန်း၌ ပထမ အကြိမ် လက်နက်ချ အပ်သည့် အခမ်းအနားပြုလုပ်စဉ်။

အလားတူပင် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) အရှေ့မြောက်ဒေသဖွဲ့စည်းရာတွင် စည်းရုံးသိမ်းသွင်းထားသော 'ဝ'တိုင်းရင်းသားများသည် ၁၉၈၉ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ပန်ဆန်းရှိ ဗကပဌာနချုပ်ကို သိမ်းယူ၍ ဗကပအဖွဲ့မှ ခွဲထွက်ကြောင်းကြေညာခဲ့သည်။ 'ဝ' တိုင်းရင်းသားများသည် တပ်မတော်နှင့်ငြိမ်းချမ်းရေးရယူ လိုကြောင်း ဆက်သွယ်ကမ်းလှမ်းလာခဲ့ရာ ၁၉၈၉ ခုနှစ်၊ ဇွန်လတွင် ပထမအကြိမ် တပ်မတော်ကိုယ်စားလှယ်အဖွဲ့ က 'ဝ' တိုင်းရင်းသား ခေါင်းဆောင်များနှင့် စတင်တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ၁၉၈၉ခုနှစ်၊ ဩဂုတ်လ တွင် တပ်မတော်ကိုယ်စားလှယ်များသည် 'ဝ'တိုင်းရင်းသား ခေါင်းဆောင်များနှင့် ထပ်မံတွေ့ဆုံ၍ 'ဝ'ဒေသအတွက် စားနပ်ရိက္ခာ ယခုအခါ နိုင်ငံတော်၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၁၉၉၂ ခုနှစ်မှစ၍ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးလုပ်ငန်းအတွက် ခြောက်နှစ်စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ရာ ၁၉၉၇ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ဘိန်းမဲ့ဇုန်ဒေသအဖြစ် ကမ္ဘာသိကြေညာနိုင်ခဲ့သည့်အပြင် မူးယစ်ဆေးဝါးသုံးစွဲ ရောင်းဝယ်မှုမရှိသော ဒေသအဖြစ်ရောက်ရှိရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ဘက်စုံဖွံ့ဖြိုးတိုးတက်ခေတ်မီလာသောဒေသဖြစ်လာပြီး ဒေသခံတိုင်းရင်းသားများသည် လူမှုစီးပွားဘဝ အေးချမ်းတည်ငြိမ်စွာဖြင့် ရပ်တည်လာနိုင်ခဲ့ပြီဖြစ်သည်။

တပ်မတော်၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး

ငြိမ်းချမ်းရေးတံတားခင်း၍ စည်းလုံး

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု

ထောက်ပံ့ရေး၊ လမ်းဖောက်လုပ်ရေး၊ စာသင် ကျောင်းနှင့် ဆေးရုံများ ဖွင့်လှစ်ရေးစသော ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။ ၁၉၈၉ခုနှစ်၊ မေလ ၉ ရက်နေ့မှစ၍ 'ဝ'တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကို **ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)**အဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ပေးခဲ့သည်။ 'ဝ' တိုင်းရင်းသားများသည် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများဖြစ်သော ကုမ္ပဏီလုပ်ငန်းများဖြင့် သတ္တုတူးဖော်ရေးလုပ်ငန်း၊မွေးမြူရေးနှင့်စိုက်ပျိုးရေးလုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံကိန်းနှင့်အညီ ၂၀၀၅ ခုနှစ်တွင် ဘိန်းပပျောက်ရေးစီမံချက် ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မျက်မှောက်ကာလတွင် 'ဝ'တိုင်းရင်းသားများသည် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုများဖြင့် ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်း၊ လမ်းပန်းဆက်သွယ်မှု၊ လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခြင်းစသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

တစ်ဆက်တည်းမှာပင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အရှေ့မြောက်စစ်ဒေသ ပြိုကွဲသွားခြင်းနှင့်အတူ ဗကပမှ ခွဲထွက်လာခဲ့သော ကိုးကန့်နှင့်'ဝ'တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကဲ့သို့ ရှမ်း၊ အခါတိုင်းရင်းသားများသည်လည်း ဗကပမှခွဲထွက်ခဲ့ကြပြီး ၁၉၈၉ခုနှစ်၊ မေလတွင် တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးရန်နှင့် ငြိမ်းချမ်းရေး ရယူရန် ငြိမ်းချမ်းရေး အကျိုးဆောင်များမှတစ်ဆင့် ဆက်သွယ်ကမ်းလှမ်းခဲ့သည်။ ၁၉၈၉ခုနှစ်၊ မေလ ၃၀ ရက်နှင့် ဇွန်လ ၇ ရက်နေ့တို့တွင် တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် မိုင်းလားသို့ သွားရောက်၍ တိုင်းရင်းသားခေါင်းဆောင်များနှင့် ညှိနှိုင်း ဆွေးနွေးခဲ့သည်။ ၁၉၈၉ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်အစိုးရက **ရှမ်းပြည်နယ် အရှေ့ပိုင်းအထူးဒေသ(၄)** အဖြစ် သတ်မှတ်ပေးခဲ့သည်။ ယင်းတိုင်းရင်းသားတို့ သည် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီဆောင်ရွက်မှု အပါ အဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်တို၊ နှစ်ရှည် သီးနှံများ စိုက်ပျိုးခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ စက်ရုံ အလုပ်ရုံ တည်ထောင်ခြင်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းဒေသသည် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ရွှေတြိဂံဒေသအဖြစ် ကျော်ကြားခဲ့သော ဒေသ ဖြစ်သည်။

လက်တွေ့ကြိုးပမ်းဖော်ဆောင်မှုများကို သဘောပေါက်နားလည်လာကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးအမြင်များ ကြည်လင်လာကြသည်။ ၎င်းတို့ ဖြတ်သန်းလာခဲ့သော လက်နက်ကိုင် ဆန့်ကျင်မှု အတွေ့အကြုံများအရ ဒေသခံတိုင်းရင်းသားတို့၏ အကျိုးစီးပွားကို မဖြစ်ထွန်းစေသည့်အပြင် သေနတ်သံများ၊ ယမ်းခိုးယမ်းငွေ့များ၊ မီးလောင်ပြင်များနှင့်အတူ အိုးမဲ့အိမ်မဲ့ အခြေအနေမဲ့ဘဝဖြင့် ဒုက္ခနယ်အတွင်း ဆက်လက် ကျဆင်းလျက်ရှိနေသည်ကိုသာ တွေ့မြင်လာသည့်အတွက် ရှမ်းပြည်တပ်မတော် (SSA) အဖွဲ့သည်လည်း ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ဗကပ၏ သြဇာခံဘဝမှ ခွဲထွက် လွတ်မြောက်လာခဲ့ခြင်းနှင့်အတူ စက်တင်ဘာလ ၂၀ရက်နေ့တွင် တပ်မတော် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းခဲ့သည်။

စက်တင်ဘာလ ၂၄ ရက်နေ့တွင် SSA အဖွဲ့အား **ရှမ်းပြည်နယ် မြောက်ပိုင်း အထူးဒေသ(၃)** အဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ် ကြေညာခဲ့သည်။ SSA အဖွဲ့ တရားဥပဒေအတွင်း ဝင်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေး ရယူချိန်မှစ၍ နိုင်ငံတော်အစိုးရက လိုအပ်သည်များ ထောက်ပံ့မှုများ ပြုလုပ်ပေးသကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိသည်။ SSA အဖွဲ့ကလည်း ယင်းတို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဖွဲ့ပိုင်

...ဆေးဝါးတားဆီးနှိမ်နင်း
...က်ပျိုးရေးလုပ်ငန်းများကို
...က်လျက်ရှိသည်။ ၁၉၉၂
...ာက်ရေးလုပ်ငန်းအတွက်
...င်ရွက်ခဲ့ရာ ၁၉၉၇ ခုနှစ်၊
...မဲ့ဇုန်ဒေသအဖြစ် ကမ္ဘာ
...ယစ်ဆေးဝါးသုံးစွဲ ရောင်း
...ရောက်ရှိရန် ကြိုးပမ်း
...ည်။ ဘက်စုံဖွံ့ဖြိုးတိုးတက်
...ပြီး ဒေသခံတိုင်းရင်းသား
...အေးချမ်းတည်ငြိမ်စွာဖြင့်
...ား စည်းလုံးညီညွတ်ရေး

တရားဝင်ကုမ္ပဏီများဖွင့်လှစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သကြားစက်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ သက်တမ်းနုနယ်သော လွတ်လပ်ရေးခေတ်ဦးမှစပြီး လက်နက်ကိုင်ပဋိပက္ခကို စတင် လုပ်ဆောင်ခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)တို့၏ ကိုယ်ပိုင်ရပ်တည်ချက်မရှိသော တော်လှန်ရေး သဘောတရားများနှင့် ကိုယ်ပိုင်အတွေးအခေါ်မရှိသော နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးများအပေါ်တွင် အယုံအကြည်ကင်းမဲ့လာကြသဖြင့် ဗကပကို စွန့်ခွာလာခဲ့ကြသည့် ဗမာပြည်ကွန်မြူနစ်ပါတီ (၁၀၁) စစ်ဒေသအဖွဲ့သည် ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ငြိမ်းချမ်းရေးရယူခဲ့ရာ **ကချင်ပြည်နယ် အထူးဒေသ(၁)** အဖြစ် နိုင်ငံတော်အစိုးရ ခံတပ်မဟာ (၄) အင်အားစုသည် ၁၉၉၁ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်တွင် တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူခဲ့သည်။ နိုင်ငံတော်အစိုးရကလည်း ယင်းတို့အား ဇန်နဝါရီလ ၁၁ရက်နေ့တွင် **ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၅)**အဖြစ် သတ်မှတ်ပေး၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ပဒေသရာဇ်စော်ဘွားများ၏ ဖိနှိပ်ခြယ်လှယ်မှုကို ဆန့်ကျင်တွန်းလှန်ခဲ့ကြသည့် ပအိုဝ်းအမျိုးသားအဖွဲ့ (PNO) ကလည်း ၁၉၉၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်နေ့မှစ၍ ငြိမ်းချမ်းရေးရယူခဲ့ရာ **ရှမ်းပြည်နယ်တောင်ပိုင်း အထူးဒေသ(၆)** အဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ပေးခဲ့သည်။ ယနေ့ကာလတွင် ပအိုဝ်းအမျိုးသားအဖွဲ့သည် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေး ရောင်ခြည်ယှက်သန်းစေခဲ့သည်။ ယင်းတို့အနက် **ကယန်းအမျိုးသားလုံခြုံရေးတပ် (KNG)** သည် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကယားပြည်နယ် လွိုင်ကော်မြို့၌လည်းကောင်း၊ **ကချင်လွတ်မြောက်ရေး အစည်းအရုံး (KIO)** သည် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ လည်းကောင်း၊ **ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက် ရေးတပ်ဦး (ကလလတ)**သည် လက်နက်ကိုင်လမ်းစဉ်ကို ၁၉၉၄ ခုနှစ်၊ မေလ ၉ရက်နေ့ တွင် စွန့်လွှတ်၍လည်းကောင်း၊ **ကယန်းပြည်သစ်ပါတီ** သည် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၂၆ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ လည်းကောင်း၊ **ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့** ကျော်တို့ဖြင့် နိုင်ငံတော်အစိုးရထံ အကြွင်းမဲ့ လက်နက်ချပြီး ငြိမ်းချမ်းရေးရယူခဲ့သည်။

ချုပ်၍ဆိုရလျှင် မျက်မှောက်မြန်မာနိုင်ငံတော်၏ သမိုင်းတစ်ခေတ်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နှီးနှောတက်ကြွစွာ ပါဝင်ပူးပေါင်း အကောင်အထည်ဖော်နေသကဲ့သို့ ယနေ့တပ်မတော်အစိုးရ၏ "ငြိမ်းချမ်းရေးတံတားခင်း၍ စည်းလုံးညီညွတ်မှုကို တည်ဆောက်ခြင်း" လုပ်ငန်းစဉ်ကြီးတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့တို့က ယုံကြည်သက်ဝင်စွာဖြင့် ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိနေသည်မှာ အားတက်ဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

...၍ စည်းလုံးညီညွတ်မှုကိုတည်ဆောက်ခြင်း

...့အကြိုဂုဏ်ပြု ဆောင်းပါး

သိန်းစိုး(တောင်ငူ)

၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့က ဆီဆိုင်မြို့၌ကျင်းပသော (ရလလဖ)အဖွဲ့ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် အခမ်းအနားသို့ (ရလလဖ)အဖွဲ့ဝင်များ တက်ရောက်လာသည်ကို တွေ့ရစဉ်။



၁၉၉၇ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ဦးစောထွန်းဦး ခေါင်းဆောင်သော ဗကပ (ရခိုင်ပြည်နယ်)အဖွဲ့ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ရန် မောင်တောမြို့သို့ ရောက်ရှိလာစဉ်။

...များကို သဘောပေါက်
...သားလက်နက်ကိုင် အဖွဲ့
...အမြင်များ ကြည်လင်လာ
...ာခဲ့သော လက်နက်ကိုင်
...ရ ဒေသခံတိုင်းရင်းသား
...စေသည့်အပြင် သေနတ်
...ီးလောင်ပြင်များနှင့်အတူ
...ဖြင့် ဒုက္ခနယ်အတွင်း
...နသည်ကိုသာ တွေ့မြင်
...ဉ်တပ်မတော် (SSA)
... စက်တင်ဘာလ ၄ ရက်
...မှ ခွဲထွက် လွတ်မြောက်
...ဘာလ ၂၀ရက်နေ့တွင်
...ဖွဲ့နှင့် တွေ့ဆုံညှိနှိုင်း

...နေ့တွင် SSA အဖွဲ့အား
အထူးဒေသ(၃) အဖြစ်
...တ် ကြေညာခဲ့သည်။
...တွင်း ဝင်ရောက်ခဲ့ပြီး
နိုင်ငံတော်အစိုးရက
...ျား ပြုလုပ်ပေးသကဲ့သို့
...ည်း စီမံကိန်းများချမှတ်ပြီး
SSA အဖွဲ့ကလည်း
...န်းများအတွက် အဖွဲ့ပိုင်

က သတ်မှတ်ပေးခဲ့သည်။ နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ရွှေနှင့်ကျောက်စိမ်းများ တူးဖော်ခြင်း၊ စိုက်ပျိုးရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများကို ကုမ္ပဏီဖွဲ့၍ ဆောင်ရွက်လျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဤသို့လျှင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ဥပဒေဘောင်အတွင်း ဝင်ရောက်ကြပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အပြောမဟုတ် အလုပ်နှင့် လက်တွေ့ပြလာခဲ့ကြရာ ငြိမ်းချမ်းသော နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်သော အဖွဲ့အစည်းများ၏ ပကတိအခြေအနေများကို အခြားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကလည်း တွေ့မြင်လာကြသည်။ နိုင်ငံတော်နှင့် တပ်မတော်၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခြေခံသဘောထားများကို ယုံကြည်သက်ဝင်လာကြသဖြင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KLA)လက်အောက်

နိုင်ငံတော်၏ ထောက်ပံ့မှုနှင့်အတူ အဖွဲ့ပိုင် တရားဝင်ကုမ္ပဏီများထူထောင်၍ ကျောက်မျက်တူးဖော်ရေးလုပ်ငန်း၊ စိုက်ပျိုး ရေးနှင့် ဟိုတယ်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး တစ်ဖက်မှလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းရေးကို ကြိုဆိုသော၊ တည်ဆောက်နေသော သတင်းရနံ့များ ပျံ့လွင့်လျက်ရှိနေသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)၏ စည်းရုံးရေးသြဇာအောက်ရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အဆက်မပြတ်ခွဲထွက်လာခဲ့သည်။ ပလောင်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PSLA) သည် ၁၉၉၁ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ငြိမ်းချမ်းရေးဆွေးနွေးရန် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သို့ ကမ်းလှမ်းလာခဲ့သည်။ ယင်းကမ်းလှမ်းချက်အရ တပ်မတော်ကိုယ်စားလှယ်အဖွဲ့နှင့် PSLA အဖွဲ့တို့သည် ၁၉၉၁ခုနှစ် ဧပြီလ ၃ ရက်၊ ၁၂ ရက်၊ ၁၃ ရက်နှင့် ၂၃ ရက်နေ့တို့တွင် ဆွေးနွေးပွဲများပြုလုပ်ခဲ့ကြသည်။ ဧပြီလ ၂၄ ရက်နေ့တွင် PSLA အဖွဲ့သည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း လက်ကျန်များဖြင့် ဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF)နှင့် မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (DAB) တို့မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ နိုင်ငံတော်အစိုးရက PSLA အဖွဲ့အား ၁၉၉၁ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် **ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၇)**အဖြစ် သတ်မှတ်ပေးခဲ့သည်။ ငြိမ်းချမ်းရေး ရယူချိန်မှစ၍ ယနေ့ကာလအထိ တပ်မတော်အစိုးရက PSLA အဖွဲ့အား လိုအပ်သည့်ထောက်ပံ့မှုများပေးနေ သကဲ့သို့ ယင်းတို့၏ ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဤသို့လျှင် ဗမာပြည်ကွန်မြူနစ်ပါတီလက်အောက်မှ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအားလုံး ခွဲထွက်၍ မိမိဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းရေးရယူခဲ့ခြင်းသည်လည်းကောင်း၊ ရှမ်း၊ ကချင်၊ ပအိုဝ်းနှင့် ပလောင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အဆက်မပြတ် ငြိမ်းချမ်းရေးရယူနေခြင်းသည်လည်းကောင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့်တောင်ပိုင်းရှိ ယခင်က မငြိမ်းချမ်းသော ဒေသများတွင် တည်ငြိမ်အေးချမ်းစွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းတို့သည်လည်းကောင်း

လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)အဖွဲ့သည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍လည်းကောင်း၊ **ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)**သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ လည်းကောင်း၊ **မွန်ပြည်သစ်ပါတီ**သည် ၁၉၉၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ လည်းကောင်း၊ **ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) ရခိုင်ပြည်နယ်**အဖွဲ့သည် ၁၉၉၇ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍လည်းကောင်း နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသအလိုက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားပြည်သူတို့နှင့်အတူ တက်ကြွစွာပါဝင်ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ကြသည်။ ယင်းသို့ဖြင့် နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းခြင်းနှင့်အတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုများသည် ခေတ်အဆက်ဆက်နှင့် ကွဲပြားခြားနားစွာ တိုးတက်ပြောင်းလဲလျက်ရှိနေသည်မှာ ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် သမိုင်းမှတ်တမ်းတင်ရမည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကြိုးပမ်းစွမ်းဆောင်အောင်မြင်မှုမှတ်တိုင်ကြီးပင်ဖြစ်သည်။

အလားတူပင် MTA ဟူသော ရှမ်းပြည်နယ်တော်လှန်ရေးကောင်စီသည်လည်း တပ်မတော်အစိုးရ၏ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး မူဝါဒနှင့်မွန်မြတ်သော လက်တွေ့လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် တပ်မတော်နှင့် ဆက်သွယ်ညှိနှိုင်းပြီး စုစုပေါင်းတပ်ဖွဲ့ဝင်အင်အား ၁၄၀၀၀၊ လက်နက်ကြီး၊ လက်နက် ငယ်မျိုးစုံ ၈၃၀၀

နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းခြင်းနှင့်အတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုများသည် ခေတ်အဆက်ဆက်နှင့် ကွဲပြားခြားနားစွာ တိုးတက်ပြောင်းလဲလျက်ရှိနေသည်မှာ ယနေ့တပ်မတော်အစိုးရလက်ထက်တွင် သမိုင်းမှတ်တမ်းတင်ရမည့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကြိုးပမ်း စွမ်းဆောင် အောင်မြင်မှု မှတ်တိုင် ကြီးပင်ဖြစ်သည်။

မဟာစည် သတိပဋ္ဌာန်ဝိပဿနာ တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၃

ရွှေပြည်သာမြို့နယ် သာစုကနာ်ကျေးရွာ ပုညသင်္ဂဟကျောင်းတိုက်တွင် (ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ) မဟာစည်သြဝါဒခံ သတိပဋ္ဌာန်ဝိပဿနာ(၁၀)ရက်တရားစခန်းကို မဟာစည်သာသနာ့ရိပ်သာ နာယကဆရာတော် ဦးကုသလာနန္ဒ(ကမ္မဋ္ဌာနာ စရိယ၊ ဓမ္မာစရိယ) မုဒုံဆရာတော်က ဟောကြားပြသတော်မူမည်ဖြစ်၍ တရားအားထုတ်လိုသည့် ယောဂီများ ဒေါ်မီမီခင် ဖုန်း–၆၆၄၀၉၁ ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံစာတမ်းရှင် သုတေသီပညာရှင်များနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

☆ **ကျောဖုံးမှ**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သုတေသန ညီလာခံကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သုတေသန ညီလာခံတွင် စာတမ်းဖတ်ကြားမည့် စာတမ်းရှင် သုတေသီပညာရှင်များ တက်ရောက်ကြသည်။

များစွာအကျိုးဖြစ်ထွန်း

သုတေသနညီလာခံဖွင့်ပွဲတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေး ဆိုသည့် မွန်မြတ်မြင့်မားသော အမျိုးသားရေးဦးတည်ချက်ကို ချမှတ်ပြီး အမျိုးသားကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရအောင် ဘက်စုံကဏ္ဍစုံက အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် ယနေ့အချိန်အခါမှာ ယခုလို ကျန်းမာရေးကဏ္ဍနယ်ပယ်စုံက သုတေသီပညာရှင်များစုံစုံညီညီပါဝင်တက်ရောက်ဆွေးနွေးကြမည့် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးကို နှစ်စဉ်အစဉ်အလာမပျက် ကျင်းပနိုင်ခြင်းသည် ကျန်းမာရေးဆိုင်ရာသုတေသီပညာရှင်များ၏ ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည်ထက်မြက်မြင့်မားမှုနှင့် အမျိုးသားရေးအကျိုးစီးပွားတိုးတက်ဖော်ဆောင်မှုတို့ကို များစွာ အကျိုးဖြစ်ထွန်းစေမှာဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ယခုလိုမြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံများနှစ်စဉ်မပျက် ကျင်းပနိုင်လျက်ရှိခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ သုတေသနပြုလုပ်တွေ့ရှိချက်များကို သုတေသီပညာရှင်အချင်းချင်း အတွေ့အကြုံများနှီးနှောဖလှယ်နိုင်မှုနှင့် သုတေသနပြုလုပ်တွေ့ရှိချက်များကို ကျန်းမာရေး စောင့်ရှောက်မှုနယ်ပယ် အသီးသီးမှာ အကျိုးရှိထိရောက်စွာ အသုံးချနိုင်မှုတို့အပါအဝင် အကျိုးရလဒ်ကောင်းများစွာကို ရရှိဖြစ်ထွန်းစေမှာလည်းဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မြှင့်တင်ပေးရာတွင် သုတေသန နှင့် ဖွံ့ဖြိုးမှု (Research and Development) သည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်အထောက်အကူပြုလျက်ရှိခြင်းကြောင့် ယနေ့အချိန်အခါမှာ သုတေသီပညာရှင်များအတွက်သာမက နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ စီမံခန့်ခွဲသူများအတွက်ပါ အလွန်အရေးပါလှကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် အဆင့်မြင့်သုတေသနလုပ်ငန်းများကို အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်ရင်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွား ဖော်ဆောင်မြှင့်တင်ပေးရေးကို အားထုတ်ကြိုးပမ်း ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံမှာသိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ယှဉ်တွဲပြီး အဆင့်မြင့် သုတေသနလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရအောင် အားပေးဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးကဏ္ဍမှာလည်း ကျန်းမာရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုတို့ကို အလေးထားအားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

ထူထောင်ဖွင့်လှစ်ခဲ့

ယခုဆိုလျှင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ အထူးပြုဆောင်ရွက်မည့် ဆေးသုတေသန ဦးစီးဌာနများကို ရန်ကုန်မြို့တော်မှာသာမက အထက်မြန်မာပြည်နှင့် မြန်မာပြည်အလယ်ပိုင်းတို့မှာပါ တိုးချဲ့ပြီး ဦးစီးဌာနသုံးခုအထိ ထူထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများအားလုံး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများကို အပြည့်အဝရရှိခံစားနိုင်စေရန် ပြည်သူအများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက်လည်း စနစ်တကျစီမံချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လွှမ်းခြုံပေးနိုင်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးမြှင့်ပေးနိုင်စေရန်အတွက် မျှော်မှန်းလျက် ဆေးသိပ္ပံပညာရပ်များ ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရအောင်၊ နိုင်ငံတကာမှာတိုးတက်ဖြစ်ထွန်းနေသည့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာရပ်များ၊ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးကိရိယာများကို ကျန်းမာရေးကဏ္ဍမှာ အချိန်နှင့် တစ်ပြေးညီ အသုံးပြုနိုင်စေရအောင်၊ ထူးချွန်ထက်မြက်သော ကျန်းမာရေးဆိုင်ရာ အသိပညာရှင် အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ဘက်စုံကဏ္ဍစုံမှာ စီမံကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုလို ကျန်းမာရေးကဏ္ဍမှာ မွန်မြတ်မြင့်မားသော အမျိုးသားရေးဦးတည်ချက်၊ ရည်မှန်းချက်တွေ၊ ကြီးမားကျယ်ပြန့်သော အမျိုးသားကျန်းမာရေး အဆင့်အတန်း မြှင့်တင်ရေးအစီအမံတွေ၊ သိမ်မွေ့နက်ရှိုင်းသည့် ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးတိုးမြှင့်ပေးရေးလုပ်ငန်းတွေအားလုံးမှာ အမျိုးသားရေး မျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် ကျန်းမာရေးဆိုင်ရာ သုတေသန လုပ်ငန်းများသည် အဓိကကျသော အခန်းကဏ္ဍကပါဝင်လျက်ရှိကြောင်း။

ကျန်းမာရေးဆိုင်ရာကဏ္ဍများအားလုံး ဆီလျော်ညီညွတ်စွာ အချင်းချင်း အပြန်အလှန် အကျိုးပြု တိုးတက်ဖြစ်ထွန်းလာစေရန်၊ ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာ့ဆေးပညာအဆင့်အတန်းနှင့် လိုက်လျော်ညီထွေစွာ အမျိုးသား ကျန်းမာရေး ကဏ္ဍ–တစ်ရပ်လုံး ဟန်ချက်ညီညီတိုးတက်မြင့်မားလာစေရန်၊ နိုင်ငံတကာ နည်းပညာတိုးတက်ဖြစ်ပေါ်မှုများနှင့် တစ်ပြေးညီခေတ်မီဆန်းသစ်သော နည်းပညာရပ်များကို ကျန်းမာရေးကဏ္ဍမှာ အသုံးပြုနိုင်စေရန် စသည့်ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအားလုံးကို အမျိုးသားရေး အကျိုးစီးပွားအဖြစ် ထွန်းနိုင်ဆုံးလမ်းကြောင်းမှန်ပေါ်မှာ တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းစေရေးအတွက် ကျန်းမာရေးဆိုင်ရာ သုတေသနကဏ္ဍက ဦးဆောင်သွားနိုင်ရန် အထူးလိုအပ်မှာဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်

အထူးသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသားပြည်သူများ၏ လူမှုရေးဘဝတိုးတက်မြင့်မားလာမှုတို့ကတစ်ဆင့် ပိုမိုသိမ်မွေ့နက်ရှိုင်းစွာ ဖြစ်ပေါ်လာမည့် ကျန်းမာရေးဆိုင်ရာ ပြဿနာအမျိုးမျိုး၊ နိုင်ငံတကာတိုးတက်ပြောင်းလဲမှု၊ ကမ္ဘာ့နိုင်ငံအများဆက်စပ်ယှက်နွယ်ပြောင်းလဲမှုတို့က ဖန်တီးလာလျက်ရှိသည့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်စေရန် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရန်လည်း လိုအပ်မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ အမျိုးသားကျန်းမာရေး အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ထိထိရောက်ရောက် အထောက်အကူပြုနိုင်စေမည့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများတိုးတက်ဖြစ်ထွန်းစေရန်၊ မျက်မှောက်ကာလအတွက်သာမက အနာဂတ်ကာလမှာ ရင်ဆိုင်ကြုံတွေ့ရမည့် ဆန်းပြားသော ကျန်းမာရေးဆိုင်ရာအန္တရာယ်အမျိုးမျိုး၊ ပြဿနာအမျိုးမျိုးကို ဖြေရှင်းနိုင်စေမည့် အရည်အသွေးမြင့်မားသော ကျန်းမာရေးဆိုင်ရာသုတေသန လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တိုးမြှင့်ဆောင်ရွက်နိုင်စေရန် အတွက် စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုဆိုလျှင်တိုးပွားဆန်းပြားလာသော ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုးနှင့် လိုက်လျောညီထွေစွာ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်အတွက် အမျိုးသားသွေးသုတေသနဌာန (National Blood Research Center)၊ အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာန (National Poison Control Center) နှင့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံ တို့ကဲ့သို့သော အထူးပြုဌာနများကို နိုင်ငံတော်အစိုးရက တိုးချဲ့ဖွဲ့စည်းတည်ဆောက်ပေးထားပြီးလည်းဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် သုတေသနလုပ်ငန်းကဏ္ဍများအလိုက် လိုအပ်သော အဆင့်မြင့်လုပ်ငန်းသုံး ပစ္စည်းကိရိယာတွေ၊ ခေတ်မီဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများကို နိုင်ငံတော် ဘဏ္ဍာငွေမြောက်မြားစွာ အကုန်ကျခံပြီး ဖြည့်ဆည်းတပ်ဆင်ပေးထားပြီးလည်း ဖြစ်ကြောင်း။

ခေတ်မီစက်ပစ္စည်းကိရိယာ

ထို့ကြောင့်ယခုဆိုလျှင် ခန္ဓာကိုယ်အတွင်းရှိဆေးများ တိုင်းတာသည့် (Capillary Electrophoresis) ခေါ်တဲ့ Automatic Micro Drug Analyzer၊ ပိုးသတ်ဆေးတွေ၊ စက်ရုံစွန့်ပစ္စည်းတွေမှာ အဆိပ်ပစ္စည်းများတိုင်းတာသည့် Gas Chromatography Mass Spectrophotometer၊ အော်ဂဲနစ်ပစ္စည်းများတိုင်းတာသည့် High Performance Liquid Chromatography, UV-VIS Spectrophotometer, Flourescent Spectrophotometer၊ အင်အော်ဂဲနစ်ပစ္စည်းများ တိုင်းတာသည့် Atomic Absorption Spectrophotometer၊ အဆိပ်ပစ္စည်းများခွဲခြားနိုင်သည့် Microfuge 22R စသည့် ခေတ်မီကိရိယာပစ္စည်းများ အသုံးပြုပြီး အဆင့်မြင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

အလားတူပင် သွေးများခွဲခြမ်းစစ်ဆေးရာမှာ အသုံးပြုသည့် Pantro-60 Haematology Analyzer၊ အသည်းရောင်အသားဝါ(ဘီ)ပိုးတိုင်းတာသည့် Eliza Reader၊ ဓာတုပစ္စည်းများ ခွဲခြမ်းစိတ်ဖြာရာမှာသုံးသည့် Microwave Lab Station၊ အစားအသောက်များမှာပါဝင်သည့် အာဟာရဓာတ်များရှာဖွေသည့် Near Infrared Analyze၊ လေထဲရှိ မကောင်းသောဓာတ်ငွေ့များကို တိုင်းတာနိုင်သည့် Infrared Gas Monitor စသည့် ခေတ်မီစက်ပစ္စည်းကိရိယာများ တပ်ဆင်ပေးထားပြီးလည်း ဖြစ်ကြောင်း။

ယခုလိုအဆင့်မြင့်သုတေသနလုပ်ငန်းသုံး ခေတ်မီစက်ပစ္စည်းကိရိယာများဝယ်ယူတပ်ဆင်ခြင်းအတွက် ၂၀၀၁ခုနှစ်နှင့် ၂၀၀၂ခုနှစ် (နှစ်)နှစ်အတွင်းမှာပင် နိုင်ငံတော်ဘဏ္ဍာငွေကအမေရိကန်ဒေါ်လာ ခုနစ်သိန်းနီးပါး ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

JICA, KOICA, IAEA စသည့် ပြည်ပမှ ထောက်ပံ့မှုများဖြင့် အဆင့်မြင့် သုတေသနသုံးပစ္စည်းများလည်း တပ်ဆင်ပေးထားပြီးဖြစ်သည့်အတွက် ယခုဆိုလျှင် မြန်မာသုတေသီပညာရှင်များအနေဖြင့် ဘက်စုံကဏ္ဍစုံမှာ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်သုတေသနလုပ်ငန်းများကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်နေပြီလည်း ဖြစ်ကြောင်း။

အသည်းရောင်ကာကွယ်ဆေး

ထို့ပြင် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံကို အမေရိကန်ဒေါ်လာ ၁၂ဒသမ၆သန်းကျခံတည်ဆောက်လျက်ရှိသည့်အတွက် မကြာမီသော ကာလမှာသွေးရကြည်မှ ထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးသာမက DNA နည်းပညာသုံးထုတ်လုပ်သော အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးပါ ထုတ်လုပ်နိုင်တော့မည့်အခြေအနေရောက်ရှိနေပြီဖြစ်ကြောင်း။

ယခုလို ခေတ်မီသုတေသနလုပ်ငန်းသုံး ကိရိယာတွေ၊ လိုအပ်သော သုတေသနဆိုင်ရာ အခြေခံအဆောက်အအုံတွေကို စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့်အတွက် ယခုအချိန်အခါမှာ မြန်မာသုတေသီပညာရှင်များ အနေဖြင့် ကာကွယ်ဆေး သုတေသန (Vaccine Research)၊ သွေးဗေဒ သုတေသနနှင့် အဆိပ်ဆိုင်ရာသုတေသနတို့ကို အဆင့်အတန်းမြင့်မြင့် ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

၂၀၀၃ခုနှစ်အတွင်းထူးခြားသော တိုးတက်ဖြစ်ထွန်းမှုတစ်ရပ်အနေဖြင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ငှက်ဖျားသုတေသနဆိုင်ရာကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဌာန (WHO Collaboration Center for Malaria) အဖြစ်မကြာမီက အသိအမှတ်ပြုခဲ့ပြီးဖြစ်ကြောင်း။

လွန်ခဲ့သည့်(၁၀)နှစ်တာကာလအတွင်းမှာ မြန်မာနိုင်ငံ၏ ဦးစားပေး ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သည့် ငှက်ဖျားရောဂါနှင့် ပတ်သက်ပြီး ငှက်ဖျားရောဂါဆိုင်ရာ ကပ်ပါးပိုးဗေဒသုတေသန၊ ရောဂါဗေဒသုတေသန၊ ဆေးဘက်ဆိုင်ရာကိုမိလသုတေသန၊ ဆေးလက်တွေ့သုတေသန၊ လူမှုရေး သုတေသနစသည့် သုတေသနကဏ္ဍစုံမှာ သုတေသနလုပ်ငန်းပေါင်း ၄၀၀ကျော်ကို အောင်အောင်မြင်မြင်၊ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခုလို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အသိအမှတ်ပြုခြင်းခံရခြင်းသည် သက်ဆိုင်ရာ သုတေသီပညာရှင်များအတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ် အောင်မြင်ဖြစ်ထွန်းမှုတစ်ရပ်ဟု ဆိုရမှာဖြစ်ကြောင်း။

ထို့ပြင် သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းတွေ၊ မျိုးပွားကျန်းမာရေး ဆိုင်ရာသုတေသနလုပ်ငန်းတွေ၊ မြန်မာနိုင်ငံအနာကြီးရောဂါကင်းဝေးရေး အထောက်အကူပြုသုတေသန လုပ်ငန်းတွေစသည့်သုတေသန လုပ်ငန်းအမျိုးမျိုးကို အောင်အောင်မြင်မြင် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ☆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပုဂံထိပ်သီးအစည်းအဝေး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မြန်မာ–ထိုင်း နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ–ထိုင်း နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်ဆွေးနွေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၃

ပုဂံထိပ်သီးအစည်းအဝေး စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မြန်မာ–ထိုင်းနှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေး မှာကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ၂၀၀၃ခုနှစ် နိုဝင်ဘာလအတွင်းက မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးတွင် လေးနိုင်ငံစုပေါင်း၍သော်လည်းကောင်း၊ နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း။

ထို့ကြောင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေသော ယန္တရားများ၊ စက်ပစ္စည်းများအပါအဝင် မိမိတို့ဝန်ကြီးဌာနအလိုက် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်အကိုင်အခွင့်အလမ်း

အဆိုပါ ပုဂံထိပ်သီးအစည်းအဝေး၏ သဘောတူညီမှုအရ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းစီစဉ်ခဲ့ကြကြောင်း၊ ထိုင်းနိုင်ငံဘက်ရှိ စက်ရုံများကို မြန်မာနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းတည်ထောင်ဖွင့်လှစ်ပြီး ကုန်ထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေမည့်အပြင် မြန်မာနိုင်ငံအတွက်ရော ထိုင်းနိုင်ငံအတွက်ပါ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိလာနိုင်မှာဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်မှု၊ စက်မှုလက်မှုနှင့် Infrastructure တည်ဆောက်မှုလုပ်ငန်းများ၊ စီးပွားရေးအထောက်အကူဖြစ်စေမည့် လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တတ်နိုင်သမျှ ကူညီမှုများပြုလုပ်ရန်ကိုလည်း သဘောတူခဲ့ကြကြောင်း။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က မြန်မာ–ထိုင်း နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက မြန်မာ–ထိုင်း နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ မိမိတို့ဌာနအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများ လိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကိုပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

☆ စာမျက်နှာ ၁၀မှ

ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီး တိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးရေးနှင့် ကျန်းမာကြံ့ခိုင်ရေးအတွက် သုတေသနကဏ္ဍကနေ ထိထိရောက်ရောက် အထောက်အကူပြုနိုင်လျက်လည်းရှိတာတွေ့ရပါကြောင်း။

တိုင်းရင်းဆေးသုတေသန

အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို အဆင့်အတန်းမြင့်မြင့်မားမားနှင့် တိုးမြှင့်ဆောင်ရွက်လျက်လည်းရှိကြောင်း၊ ဦးစားပေးရောဂါကြီးခြောက်မျိုးကို တိုင်းရင်းဆေးဖြင့် ထိရောက်စွာ ကုသပေးနိုင်ရေး ဦးတည်ချက်ထားပြီး တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာမှာ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် ဤရောဂါကြီးခြောက်မျိုးအတွက် အာနိသင်ထက်မြက်သော တိုင်းရင်းဆေးများသိပ္ပံနည်းကျ ထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါလို နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ သုတေသီပညာရှင်များ၏ အားထုတ်ကြိုးပမ်းမှုများပေါင်းစည်းပြီး အရည်အသွေးမြင့်မားသော ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါကောင်းမှာ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေး၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးတို့အတွက် အမျိုးသားရေးလိုအပ်ချက်များနှင့် တစ်ပြေးညီ ကျန်းမာရေးဆိုင်ရာ သုတေသသနလုပ်ငန်းများတိုးတက်ဖြစ်ထွန်းစေရအောင်၊ အနာဂတ်မှာ ကြုံတွေ့ရင်ဆိုင်ရမည့် ပြည်သူအများ၏ ကျန်းမာရေးပြဿနာအဖုံဖုံကို ကြိုတင်ကာကွယ်တားဆီးနိုင်စေရအောင်၊ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ပုံမှန်စနစ်တကျဖြစ်ထွန်းနေစေရအောင် သုတေသီပညာရှင်များ အားလုံးနှင့် တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်သည်ဟု ပြောကြားလိုကြောင်း။

မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားစေရေး၊ ထူးချွန်ထက်မြက်သော အသိပညာရှင် အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီးမှာ စွမ်းဆောင်ရည်ထက်မြက်မြင့်မားစေရေးတို့အတွက် လိုအပ်သော အခြေခံအဆောက်အအုံတွေ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခြေခံကောင်းတွေကို နိုင်ငံတော်အစိုးရအနေဖြင့် နယ်ပယ်ကဏ္ဍစုံမှာ စနစ်တကျ ဖြန့်ကြက်ဖန်တီးဖော်ဆောင်တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ အနာဂတ်လိုအပ်ချက်များနှင့်အညီ ဆက်လက်စီမံ တည်ဆောက်ပေးနေဆဲလည်းဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

ယခုလိုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းတွေ တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေအချိန်အခါမှာ ဤအခြေခံကောင်းများကို အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ထိထိရောက်ရောက်အကျိုးရှိစွာ အသုံးချပြီး မိမိနိုင်ငံ၊ မိမိလူမျိုး အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ တိုးတက်ဖြစ်ထွန်းစေရေးအတွက် ကြိုးပမ်းစွမ်းဆောင်ကြရေးသည် ယနေ့စုစည်းရောက်ရှိနေကြသော သုတေသီပညာရှင်များအပါအဝင် မိမိနိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အမျိုးသားရေးတာဝန်ပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ထို့ပြင် မိမိနိုင်ငံ၊ မိမိလူမျိုး ရေရှည်အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းတည်တံ့စေရေးအတွက် အခြေခံကောင်းများနှင့် ပြည့်စုံသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆိုသည့် အမျိုးသားရေးပန်းတိုင်ကို ချီတက်လျှောက်လှမ်းရာမှာလည်း သုတေသီပညာရှင်များအားလုံးက မြန်မာနိုင်ငံသားများပီပီ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ခိုင်ခိုင်မြဲမြဲ နှလုံးသွင်းပြီး အခြားသော အမျိုးသားရေး စွမ်းအားစုများနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါဟုလည်း တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် သုတေသီပညာရှင်များကို မှာကြားလိုသည်မှာ–

- **အမျိုးသားကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေး၊ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးတက်မြှင့်တင်ပေးနိုင်စေရေးနှင့်ကျန်းမာရေးဆိုင်ရာ အခြေခံများ တိုးပွားပေါ်ထွန်းစေရေး ဦးတည်ပြီး နိုင်ငံတကာအဆင့်မီသည့်အပြင် အမျိုးသားရေး အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **ထူးချွန်ပြောင်မြောက်ပြီး အမျိုးသားရေးအမြင်ကြည်လင်ထက်သန်သည့် သုတေသီပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းရေးနှင့် ဆေးသိပ္ပံပညာရပ်များ၊ သုတေသနနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားသွားသည်။

သုတေသနပြု ပိုစတာ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်) အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသော သုတေသနပြု ပိုစတာများကို ကြည့်ရှုကြရာ စာတမ်းရှင် သုတေသီပညာရှင်များက မိမိတို့ သုတေသနပြုချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဆေးနှင့်ဆေးပစ္စည်းပြပွဲ ပြခန်းများကို ကြည့်ရှုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စာတမ်းရှင် သုတေသီပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ယနေ့မှစ၍ ဖေဖော်ဝါရီ ၇ရက်အထိ ကျင်းပမည်ဖြစ်ပြီး သုတေသနညီလာခံတွင် စာတမ်းပေါင်း ၈၀နှင့် ပိုစတာပေါင်း ၁၇ခုတို့ကို ဖတ်ကြားတင်သွင်းမည်ဟု သိရသည်။

(သတင်းစဉ်)

မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇန်နဝါရီ ၂၉ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ ကျင်းပသော ၂၀၀၄ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ M.P.G.A နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်မှ၁၅ရက်အထိ ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ဩစတြေးလျမှ ၁၅ဦး၊ ဖီဂျီ၊ ကနေဒါ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အီကွေဒေါ၊ မက္ကဆီကို၊ စကော့တလန်၊ စင်ကာပူတို့မှ တစ်ဦးစီ၊ အင်္ဂလန်၊ ဟောင်ကောင်၊ ဆွီဒင်တို့မှ နှစ်ဦးစီ၊ အိန္ဒိယမှ ၁၂ဦး၊ ဂျပန်မှ ရှစ်ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၁၃ဦး၊ မလေးရှားမှ လေးဦး၊ ဖိလစ်ပိုင်မှ ငါးဦး၊ တောင်အာဖရိကမှ ခုနစ်ဦး၊ သီရိလင်္ကာမှ သုံးဦး၊ ထိုင်းမှ ရှစ်ဦး၊ တရုတ်(တိုင်ပေ)မှ ၁၆ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၁၂ဦးနှင့် အိမ်ရှင်မြန်မာနိုင်ငံမှ Professional Golfer ၂၄ဦးနှင့် အပျော်တမ်းဂေါက်သီးရိုက်အားကစားသမား လေးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်ဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန်　ဖေဖော်ဝါရီ　၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Taskforce of the Japan-Myanmar Cooperation for Economic Structural Adjustment အဖွဲ့ခေါင်းဆောင် ဂျပန်နိုင်ငံ Hitotsubashi University မှ Professor, Emeritus Komosuke Odaka နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Yuji Miyamoto လည်း တက်ရောက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် Taskforce of the Japan-Myanmar Cooperation for Economic Structural Adjustment အဖွဲ့ခေါင်းဆောင် ဂျပန်နိုင်ငံ Hitotsubashi University မှ Professor, Emeritus Komosuke Odaka အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် Taskforce of the Japan-Myanmar Cooperation for Economic Structural Adjustment အဖွဲ့ခေါင်းဆောင် ဂျပန်နိုင်ငံ Hitotsubashi University မှ Professor, Emeritus Komosuke Odaka နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၄ရက်၌ ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး တိုင်ရွန်းဖာနန်ဒိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ယူနီဆက်ဖ်လုပ်ငန်းများအတွက် ငွေကျပ် ၁၅သိန်းကျော် ကတိကဝတ်ပြုခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၃

နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် ကျင်းပခဲ့သည့် ၂၀၀၃ခုနှစ် ယူနီဆက်ဖ် ကတိကဝတ်ပြုမှုဆိုင်ရာ ညီလာခံ၌ မြန်မာနိုင်ငံက ယူနီဆက်ဖ် ဆောင်ရွက်မှုလုပ်ငန်းများအတွက် ငွေ ၁၅၄၆၆၃၅ ကျပ်ကို ကတိကဝတ်ပြုခဲ့သည်။(သတင်းစဉ်)

အလှူရှင် ဦးကိုလတ်-ဒေါ်ဌေးဌေးမိသားစုက ငွေကျပ် ၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်အသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံယူစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန်　ဖေဖော်ဝါရီ　၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင်များက အလှူငွေနှင့် Intercom များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းပေးအပ်

ရှေးဦးစွာ အလှူငွေနှင့်အလှူပစ္စည်းများကိုပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး အမျိုးသမီးအဖွဲ့က ငွေကျပ် ၅၀၀၀၀၀၊ ဦးအောင်စိုးသာနှင့် ဦးအောင်ဇော်ရဲမြင့်တို့က ငွေကျပ် ၆၆၀၀၀၀ တန်ဖိုးရှိ Intercom များ၊ ဦးကိုလတ်-ဒေါ်ဌေးဌေး မိသားစုက ငွေကျပ် ၁၀၀၀၀၀တို့ကို လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌနှင့်အတူ ဧည့်သည်တော်၊ အလှူရှင်များက ခန်းမအတွင်း ပြသထားသော အသင်း၏ လှုပ်ရှားမှုဓာတ်ပုံများနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနတို့ကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

ရန်ကုန်-မန္တလေး ရေးသဘော်ထွက်ခွာပြေးဆွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကုန်ပို့ဆောင်ရေးဌာနခွဲက ရန်ကုန်-မန္တလေး ရေးသင်္ဘောကြီးများဖြင့် ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ မြို့ရွာများမှ ပြည်သူများ အထက်မြန်မာပြည် ထွက်ကုန်များနှင့် အောက်မြန်မာပြည် ထွက်ကုန်များကို မိမိတို့ဒေသ၌ပင် ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူ ဝယ်ယူနိုင်စေရန် ရည်ရွယ်၍ ပြေးဆွဲပေးလျက်ရှိရာ ခေါက်ရေအမှတ်(၃)အဖြစ် မြဒီပါရေယာဉ်နှင့် ဈေးတွဲ(ဘ-၈၀၉)၊ ဈေးတွဲ(ဘ-၈၁၀)များဖြင့် ဖေဖော်ဝါရီ ၁ရက် နံနက် ၁၀နာရီတွင် ရန်ကုန်ဆိပ်ကမ်းမှ စတင်ထွက်ခွာသွားသည်။ ဈေးသင်္ဘောကြီး လမ်းခရီးတွင် ရပ်နားမည့် ဆိပ်ကမ်းများမှာ မအူပင်၊ ဓနုဖြူ၊ ဇလွန်၊ ဟင်္သာတ၊ ရွှေကျင်၊မြန်အောင်၊ ကြံခင်း၊ ကျိုးသဲ၊ ပြည်၊ကမ္မ၊သရက်၊ အောင်လံ၊ မိချောင်းရဲ၊ မင်းလှ၊မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ဆင်ဖြူကျွန်း၊ ချောက်၊ ညောင်ဦး၊ ပခုက္ကူ၊ ဆိမီးခုံ၊မြေတော်၊ မြင်းမူ၊စစ်ကိုင်းတို့ဖြစ်ပြီး နယ်မြို့များမှ ကုန်တင်ဆောင်လိုပါက ဈေးသင်္ဘောကြီးတွင် ကြိုတင်ဆက်သွယ်တင်ဆောင်နိုင်သည်။ ရန်ကုန်-မန္တလေး ဈေးသင်္ဘော မြဒီပါရေယာဉ် ခေါက်ရေ(၃) ထွက်ခွာပြေးဆွဲမှုကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ကုံလုံဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော် အန္တိမဈာပန ဂူဗိမာန်တော်သွင်း အခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့ ကုံလုံကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ကုံလုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနမဟာနာယက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ တေဇနိယ ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ဘုရားကြီး သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ၏ ဥတုဇရုပ်ကလာပ်တော်အား စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့်ပူဇော်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကုံလုံသာသနာ့ဗိမာန်ကျောင်းဆောင်စံကျောင်းတော်၌ လည်းကောင်း၊ အန္တိမဈာပနသာဓုကီဠနပူဇာသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါ ကျောင်းဆောင်၌ လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဥတုဇရုပ်ကလာပ်တော်အား ဂူဗိမာန်တော်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ဂူသွင်းသဂြိုဟ်ပူဇော်မည်ဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ခေါင်းဆောင်သော မြန်မာအဖွဲ့ အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့၌ စွမ်းအင်ဆိုင်ရာများ ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ပြုလုပ်သော အိန္ဒိယ–မြန်မာ စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများ အစည်းအဝေးနှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ပြုလုပ်သော မြန်မာ့ကမ်းလွန် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ အိန္ဒိယနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ဝန်ကြီး H.E. Mr. Ram Naik၊ ပြည်နယ်ဝန်ကြီး H.E. Mdm. Mahajanနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး နှစ်နိုင်ငံရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၊ မြန်မာနိုင်ငံ ရခိုင်ကမ်းလွန် ဒေသတွင် တွေ့ရှိထားသော သဘာဝဓာတ်ငွေ့သိုက်ကို ထုတ်ယူသုံးစွဲရန် အစီအစဉ်များတို့ကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် အိန္ဒိယနိုင်ငံတွင် သဘာဝဓာတ်ငွေ့ကို အများဆုံးထုတ်လုပ်ရောင်းချနေသော GAIL (Gas Authority of India Ltd) ကုမ္ပဏီ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းပစ္စည်းများတင်သွင်းမည့်Angelique International Ltd ကုမ္ပဏီတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်လည်းတွေ့ဆုံပြီး ရခိုင်ကမ်းလွန် ဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေရေး အစီအစဉ်များ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းပစ္စည်းများဆောလျင်စွာ သင်္ဘောတင်နိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့သည်။



တွေ့ဆုံပြောကြား

ဝန်ကြီးသည် အိန္ဒိယနိုင်ငံတွင် ရှိနေစဉ်ကာလအတွင်း ယင်းနိုင်ငံရှိ မြန်မာသံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံပြီး လက်ရှိ မြန်မာနိုင်ငံတွင် ဖြစ်ပေါ် ပြောင်းလဲတိုးတက်နေသော စီးပွားရေး၊ နိုင်ငံရေးအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ကွာလာလမ်ပူ

ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ဇန်နဝါရီ ၃၁ရက်တွင်သွားရောက်ခဲ့ပြီး မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် ရေနံကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ တနင်္သာရီကမ်းလွန်ဒေသ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ရေးနှင့် ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ဈေးကွက်သို့ အမြန်ဆုံး ပို့နိုင်ရန် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဖေဖော်ဝါရီ ၂ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ စွမ်းအင်ဝန်ကြီးဌာနမှ အကြံပေးအရာရှိ ဦးတင်မြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းလက်ထောက်အမှုဆောင်အင်ဂျင်နီယာဦးကျော်ခိုင်သိန်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီး Mr. Ram Naik ဦးဆောင်သော အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။ (စွမ်းအင်)

ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာဖော်ပြ

ဇန်နဝါရီ ၃၀ရက်နေ့ထုတ် အိန္ဒိယနိုင်ငံ Hindustan Times **သတင်းစာတွင် ဖော်ပြပါရှိသော မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ဒေသ သဘာဝဓာတ်ငွေ့သိုက် တွေ့ရှိမှုနှင့် အိန္ဒိယနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာဖော်ပြထားရှိမှုကို တွေ့ရစဉ်။** (စွမ်းအင်)

အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁၀/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာ ခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ သင်တန်းသားတက္ကသိုလ်များမှ ပါမောက္ခများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။အဆိုပါသင်တန်းတွင်အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ နည်းဥပဒေများ၊ စေ့စပ်ညှိနှိုင်းခြင်းပညာများ၊ သံတမန်ရေးရာပညာများကိုအထူးပြုပို့ချသွားမည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား၊သင်တန်းသူ၁၆ဝဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ၁၂ပတ်ဖြစ်သည်။

(သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ပထမနေ့ စာတမ်း စုစုပေါင်း ၂၂စောင် တင်သွင်းဖတ်ကြား

ရန်ကုန် ဖေဖော်ဝါရီ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (Myanmar Health Research Congress) ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)[Department of Medical Research (Lower Myanmar)]အစည်းအဝေးခန်းမ၌ ကျင်းပရာ နံနက်ပိုင်း သဘာပတိများအဖြစ် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး(သုတေသန) များဖြစ်ကြသော ဒေါက်တာ သန်းထွန်းစိန်နှင့် ဒေါက်တာ ဝေလိုဘိ ထွန်းလင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးပညာဌာနမှ ပါမောက္ခဒေါက်တာတင်တင်အောင်တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင်များဖြစ်ကြသော ဒေါက်တာ ညိုညိုကြိုင်၊ ဒေါက်တာသန္တာလွင်၊ ဒေါက်တာသော်ဇင်၊ ဒေါက်တာ ခင်ဖြူပြာ၊ ဒေါက်တာအုန်းအုန်းစိုး၊ ဒေါက်တာ တင်မေညွန့်၊ ဒေါက်တာသန်းလွင်တို့က ဖတ်ကြားတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် သုတေသနညီလာခံကို ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် ရန်ကုန် ပြည်သူ့ဆေးရုံကြီး ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာခင်ရဲမြင့်၊ ဆေးတက္ကသိုလ်(၁) ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာစောနိုင်၊ ဆေးတက္ကသိုလ်(၂) ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာစန်းမြတို့က ဆောင်ရွက်ကြပြီး စာတမ်းရှင်များဖြစ်ကြသော ဒေါက်တာမောင်မောင်၊ ဒေါက်တာမွန်မွန်၊ ဒေါက်တာဖြူဖြူအောင်၊ ဒေါက်တာအေးအေးမြင့်၊ ဒေါက်တာအေးအေးရီ၊ ဒေါက်တာဇော်မြင့်၊ ဒေါက်တာထွန်းဖေ၊ ဒေါက်တာတင့်ဆွေလတ်၊ ဒေါက်တာဖေသန်းထွန်း၊ ဒေါက်တာခင်လင်း၊ ဒေါက်တာ မြတ်ဖုန်းကျော်၊ ဒေါက်တာနွယ်နွယ်ဦးတို့က ဖတ်ကြားတင်ပြပြီး သုတေသီပညာရှင်များက ဆွေးနွေးကြသည်။

သုတေသနညီလာခံပထမနေ့တွင် သုတေသီပညာရှင်များက စာတမ်းစုစုပေါင်း ၂၂စောင်ကို တင်သွင်းဖတ်ကြားရာ တက်ရောက်သူများက စာတမ်းနှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းကြကာ ညနေပိုင်းတွင် ရပ်နားသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ဖေဖော်ဝါရီ ၇ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံးနေ့တွင်အကောင်းဆုံးအခြေခံသုတေသန၊လက်တွေ့သုတေသန၊ ကျန်းမာရေးစနစ်သုတေသနနှင့် အကောင်းဆုံးပိုစတာဆုများကို ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်နှင့် မန္တလေး အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဖေဖော်ဝါရီ ၃

၂၀၀၄ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စု ဒိုင်း (အလွတ်တန်း) အမျိုးသားဘောလုံးပြိုင်ပွဲ(ခ)အုပ်စု နောက်ဆုံးပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းအသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ အနိုင်ရရှိသွားသည်။

သုဝဏ္ဏကွင်း

ရန်ကုန်တိုင်းအသင်း – သုံးဂိုး။
(သက်နိုင်ထွန်း–နှစ်ဂိုး၊ခင်မောင်ဦး–တစ်ဂိုး။)
မန္တလေးတိုင်းအသင်း – ဂိုးမရှိ။
အကောင်းဆုံးဆု – သက်နိုင်ထွန်း (ရန်ကုန်တိုင်း)

အောင်ဆန်းကွင်း

စစ်ကိုင်းတိုင်းအသင်း – သုံးဂိုး။
ကချင်ပြည်နယ်အသင်း – ဂိုးမရှိ။

(ခ)အုပ်စုပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ ရန်ကုန်တိုင်းက နှစ်ပွဲနိုင် တစ်ပွဲသရေ၊ ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ မန္တလေးတိုင်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပထမအကြို ဗိုလ်လုပွဲအဖြစ် ဖေဖော်ဝါရီ၅ရက်တွင် ဧရာဝတီတိုင်းနှင့် မန္တလေးတိုင်း၊ ဒုတိယအကြို ဗိုလ်လုပွဲအဖြစ် ဖေဖော်ဝါရီ ၆ရက်တွင် ရန်ကုန်တိုင်းနှင့် ကရင်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။(ကြေးမုံ)

ရနံ့သစ်မဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၃

စာပေအနုပညာနှင့် နိုင်ငံတကာရေးရာ ဆောင်းပါးများစာအုပ်စင်တွင် ထာဝရသိမ်းဆည်း ဖတ်ရှုရမည့် သုတ၊ ရသစာများဖြင့် အမှတ်(၁၀၉) ဖေဖော်ဝါရီလထုတ် ရနံ့သစ်မဂ္ဂဇင်းကို နေလစာပေက တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။**(အပေါ်ပုံ)**(က–ပ)



ကရဏာရေးရှု မြန်မာမှုအစီအစဉ် သတင်းစာရှင်းလင်းပွဲကျင်းပ

> မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်၏ ကရဏာရေးရှုမြန်မာမှုအစီအစဉ် သတင်းစာရှင်းလင်းပွဲတွင် မြန်မာဘရူဝါရီကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေးက ရှင်းလင်းပြောကြားစဉ်၊
> (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်၏ ကရဏာရေးရှု မြန်မာမှုအစီအစဉ် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာ ဘရူဝါရီကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး၊ အထွေထွေမန်နေဂျာ Mr. David Tengနှင့်တာဝန်ရှိသူများ၊ သတင်းစာဆရာများနှင့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ဖြန့်ဖြူးရေး ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာဘရူဝါရီ ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ Mr. David Tengက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေးက ကရဏာရေးရှု မြန်မာမှု အစီအစဉ် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မြန်မာဘရူဝါရီကုမ္ပဏီလီမိတက် အမှတ်တံဆိပ် တာဝန်ခံ ဦးမြင့်ဆွေက ကံစမ်းမဲနှင့် အထူးကံစမ်းမဲဖွင့်ပေးမည့်အစီအစဉ်၊ ရောင်းအားမြင့်တင်မှုကံစမ်းမဲ ကရဏာ ရေးရှုမြန်မာမှုအစီအစဉ်အရ လူမှုရေးအလှူငွေများ ထည့်ဝင်လှူဒါန်းမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သတင်းစာဆရာများနှင့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၏ မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်မှ ထုတ်လုပ်ဖြန့်ဖြူးနေသော ပစ္စည်းများနှင့် ကရဏာရေးရှုမြန်မာမှု အစီအစဉ်အပေါ် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြန်မာဘရူဝါရီ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေးက ပြန်လည်ဖြေကြားဆွေးနွေးသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)
၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း၁၄ရက်(အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ ယူချောင်းတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Learning English The Easy and Happy Way for Children and Beginners.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၀ ၆။ သီချင်းကြီးပဒေသာ
- ၅:၂၅ ၇။ ကျင်းသာရေလှောင်တမံ
- ၅:၃၅ ၈။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၄၅ ၉။ ကြံခိုင်ကျန်းမာပြည်မြန်မာ
- ၅:၅၅ ၁၀။ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပန်းချီ၊ပန်းပုပြိုင်ပွဲ ပြပွဲကြိုတင်ပြင်ဆင်မှုများ (အခြေခံပညာအဆင့်)
- ၆:၀၅ ၁၁။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၆:၁၅ ၁၂။ Discovery.
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ Milo Success in Soccer.
- ၇:၁၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၂၀ ၁၇။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၃၀ ၁၈။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "ဖားစည်သံဝေ ကရင်တို့ဌာနေ"
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၂၃)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

> **မင်းသိခ်၏ သူတော်စင်မလေး ပုဏ္ဏရိက စာအုပ်ကို ဉာဏ်ဝင်းစာပေတိုက်-၆၉၂၊ အမှတ် ၇(က) သုခဝတီလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့က ဖြန့်ချိထားသည်။**
> (အပေါ်ပုံ) (က-ပ)

သမ္မတသက်နိုးတိုက်ပိုင်ရှင် ဦးသန်းနိုင်အား စမ်းမြောက်ဂုဏ်ယူခြင်း

သမ္မတန်ဌာန်ကုန်နှင့် သက်နိုးတိုက်ပိုင်ရှင် သီဟသုမ္မဏီဓောတဓရ ဦးသန်းနိုင်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၄ ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် သာသနာ့နက္ခဏဘွဲ့ ပထမဆင့် "သီရိသုဓမ္မဓောတဓရ" ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသဖြင့် အထူး စမ်းမြောက်ဂုဏ်ယူပါကြောင်း

[illegible]

မော်တော်ယာဉ်ထုတ်လုပ်သူများနှင့် မော်တော်ကားအတွက်

စက်မှုဇုံရှိ မော်တော်ကားထုတ်လုပ်သူများအတွက် လိုအပ်သော ပြည်တွင်းဖြစ် ဖရိန်အမျိုးမျိုးများကို ဟိုက်ဒြောလစ်ဖိစက်ကြီးဖြင့် အချိန်တိုတိုအတွင်းဈေးနှုန်းချိုသာစွာဖြင့် တိကျစွာလုပ်ကိုင်ဆောင်ရွက်ပေးနေပါသည်။ မှုရင်းဂျပန်ကားတွင် အသုံးပြုသော မူရင်းဖရိန်သံအမျိုးအစားဖြင့်လည်း ထုတ်လုပ်ပေးနေပါသည်။

ဆက်သွယ်ရန်လိပ်စာ

မိဘကျေးဇူးကုမ္ပဏီလီမိတက်
တိုက်အမှတ် (၃၄)၊ အခန်း (A)၊ ကမ္ဘာအေးစေတီလမ်း၊
သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၂၂၆၅၀၃၊ ၅၄၅၅၃၁၊ ၀၉-၈၀-၂၀၇၃၁

Ph 296911
Ph 293294
ကွန်ကရစ် အလှအုတ်ရပြီ
ဒုံး(လယ်ကို)နှင့် အနော်ရထာလမ်းထောင့် ပုဇွန်တောင်

ပြင်ဆင်ဖတ်ရှုပါရန်

၂-၂-၂၀၀၄ ရက်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၇)ပါ ဆက်သွယ်ရေးတပ်ဖွဲ့ စစ်သည်များအလိုရှိ သည်ကြော်ငြာ၊ အမှတ်စဉ်-၂။ (ခ) တွင်ဒုတိယတပ်ကြပ်ကြီးအစား ဒုတိယတပ်ကြပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

ရွှေသာယာ WAGON မော်တော်ကားထုတ်လုပ်ရေး တိုးချဲ့လုပ်ကိုင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ မော်တော်ယာဉ်ကိုယ်ထည်လုပ်ငန်းကျွမ်းကျင်သူ ကျား(၂၀)ဦး
၂။ ကားကြီး၊ ကားလေးဖရိန်ပိုင်းဆိုင်ရာကျွမ်းကျင်သူ ကျား(၁၀)ဦး
၃။ ဆေးမှုတ်ကျွမ်းကျင် ကျား(၁၀)ဦး

အမှတ်စဉ်(၁) - မော်တော်ယာဉ်ကိုယ်ထည်အစိတ်အပိုင်းအားလုံးကို ပုံစံထုတ်သည့်အတိုင်း ကျွမ်းကျင်စွာထုလုပ်နိုင်သူဖြစ်ရမည်။
အမှတ်စဉ်(၂) - ဖရိန်ပိုင်းဆိုင်ရာ ဂဟေဆက်ခြင်း ကျွမ်းကျင်သူဖြစ်ရမည်။
အမှတ်စဉ်(၃) - ကားကြီး၊ ကားလေးကို ကျွမ်းကျင်စွာ ဆေးမှုတ်နိုင်သူဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။

အလုပ်လျှောက်လွှာများကို အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ ကြော်ငြာသည့်နေ့မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လျှောက်ထားနိုင်သည်။

မှတ်ချက်။ (၁) လုပ်ငန်းအတွေ့အကြုံရှိသူ အငြိမ်းစားများပါ လျှောက်ထားနိုင်သည်။
(၂) နယ်မှ လျှောက်ထားသူများ ခန့်ထားခြင်းခံရပါက နေထိုင်ရေးအခက်အခဲရှိလျှင်စီစဉ်ပေးမည်။
(၃) လုပ်ငန်းအပေါ် စိတ်ဝင်စားပြီး တိုးတက်ရန်ကြိုးစားဆောင်ရွက်လိုသူများသာ လျှောက်ထားနိုင်ပါသည်။

မိဘကျေးဇူး ကုမ္ပဏီလီမိတက်
တိုက်အမှတ် (၃၄)၊ အခန်း (A)၊ ကမ္ဘာအေးစေတီလမ်း၊
သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(နှင်းဆီကုန်း ဘိုးဘွားရိပ်သာအနီး)

အင်္ဂလိပ်စာ အရေးနှင့်အပြော သင်တန်းများ ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်များ၊ ဘွဲ့ကြို၊ ဘွဲ့ရများ အင်္ဂလိပ်စာကို လေ့လာသူများအတွက် အင်္ဂလိပ်စကားပြောနှင့် အင်္ဂလိပ်စာကို စနစ်တကျကျွမ်းကျင်တတ်မြောက်စွာ ရေးသားနိုင်ရန် ရည်ရွယ်၍ YES Language Centreမှ လစဉ်ဖွင့်လှစ်လျက်ရှိသော သင်တန်းများကို ဖေဖော်ဝါရီ ၆၊ ၁၂၊ ၂၄၊ ၂၆ရက်များတွင် ဖွင့်လှစ်မည်ဖြစ်၍ စိတ်ပါဝင်စားသူများ YES Language Centre အမှတ် (၁၉၉) YWCA အဆောက်အအုံ (ပထမထပ်) ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၄၅၈၂၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

STA စိုးသက်အောင်
ဒီဒီယိုထုတ်လုပ်ဖြန့်ချိရေး
အငဲ
ဆဌမအာရုံ
VCD KARAOKE
ဒီဇိုင်း မျိုးဆွေသန်းရိုက်ကူးသည်
ဖြန့်ချိရေး
2-2-2004 ထွက်ပြီ

မြန်မာ့မြေသယံဇာတ ပေါကြွယ်ဝမှုကို ဖော်ပြနေသော ချင်းပြည်နယ် သဘာဝသစ်ခွများ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ ကလေး-ဝင်းသူ

ရန်ကုန် ဖေဖော်ဝါရီ ၃

"သစ်ခွပန်း---သစ်ခွပန်း"

"အစ်မ---သစ်ခွပန်းဝယ်ဦးမလား"

နှစ်စဉ် မိုးဦးကျကာလအခါသမယတွင် ကြားနေရသော ချင်းတိုင်းရင်းသူအမျိုးသမီး သစ်ခွပန်းရောင်းသူတို့၏ စကားဖြစ်သည်။ ချင်းတိုင်းရင်းသူအမျိုးသမီးတို့သည် ချင်းပြည်နယ် တောတောင်များမှ ထွက်ရှိသည့် သဘာဝ သစ်ခွပန်းများကို အအုံလိုက် ခူးယူ ခွာယူကာ တစ်အုံလျှင် ကျပ်၅၀ မှ ကျပ်၁၀၀ အထိ သစ်ခွလှလျှင်လှသလို တန်ဖိုးသတ်မှတ်ရောင်းချကြသည်။ တောတောင်များမှ ခွာယူရရှိသော သစ်ခွပန်းများကို ချင်းတိုင်းရင်းသားရိုးရာပလိုင်း၊ တွန်းများတွင် ထည့်၍ ရွာအတွင်း၊ မြို့အတွင်းလှည့်လည်ရောင်းချကြသည်။ အချို့ကမူ စက်ဘီးကယ်ရီယာပေါ်တွင်တင်၍ စက်ဘီးတစ်စီးဖြင့်လှည့်လည်ရောင်းချကြသည်။

လှပစွာဖူးပွင့်နေသော ချင်းတောင်ထွက် သဘာဝ သစ်ခွမောက်ခန်းဝါမျိုး။ (ဓာတ်ပုံ-ကလေးဝင်းသူ)

ချင်းပြည်နယ်ထွက် သစ်ခွများကို ကလေးမြို့နယ်ရှိ ကလေးမြို့ပေါ်၊ တာဟန်းရွာ၊ နတ်ချောင်း၊ နတ်မြောင်းရွာများတွင် အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ အချို့ ချင်းတိုင်းရင်းသူ အမျိုးသမီးတို့မှာမူ ကလေးမြို့ တာဟန်းဈေး၊ နတ်ချောင်းဈေးတို့တွင် ဈေးခင်း၍ချရောင်းလေ့ရှိကြသည်။

ကျွန်တော့်ဇနီးဖြစ်သူသည် ပန်းချစ်သူ၊ ပန်းမြတ်နိုးသူဖြစ်၍ နှစ်စဉ် သစ်ခွပန်းနှင့် ပန်းမျိုးစုံ ဝယ်ယူကာ အိမ်ရှိဘုရားစင်တွင် ကပ်လှူလေ့ရှိသည်။ သစ်ခွပန်းနှင့် ပန်းထိမ်ငိုပန်းများကိုမူ အိမ်ရှိမြေကွက်လပ်၊ သရက်ပင်ခွကြားတို့တွင် ပြန်လည်စိုက်ပျိုးထားရှိပါသည်။

သရက်ပင်ခွကြားတွင် ဇနီးသည် စိုက်ပျိုးထားသော ချင်းတောင်ထွက် သဘာဝသစ်ခွပန်းလှလှများမှာ မိုးဦးကျအခါသမယတွင် ဖူးပွင့်ဝေဆာ အလှဖြာနေကြပါသည်။ ထိုသစ်ခွတို့ကိုအလွယ်တကူခူးယူ၍ ဘုရားပန်းကပ်လှူထားသည်မှာ ရှုမငြီးစရာကုသိုလ်များစွာရနေကြပါသည်။

ကျွန်တော်တို့ဒေသရှိ ချင်းတောင်တန်းကြီးမှ သစ်ခွ၊ သပြေပန်းများ နှစ်စဉ်ထွက်ရှိပါသည်။ သစ်ခွမှာမူ နွေရာသီ သကြၤန်မိုးကျသည်မှ မိုးဖြိုင်ဖြိုင်ကျသည်အထိ ထွက်ရှိပြီး၊ သပြေညိုပန်းမှာမူ နှစ်စဉ်မပြတ်ထွက်ရှိပါသည်။ ချင်းပြည်နယ်ထွက် သစ်ခွနှင့်သပြေပန်းများကို ကလေးနယ်သာမက ဂန့်ဂေါ၊ တမူး၊ ကလေးဝ မြို့များအထိပါ သယ်ယူရောင်းချကြပါသည်။

ကျွန်တော်တို့ ကလေးနယ်နှင့်ဂန့်ဂေါနယ်ရှိ အနောက်ရိုးမတောင်တန်းကြီးသည် အလွန်ရှည်လျား ကြီးမားကျယ်ပြန့်သော ချင်းတောင်တန်းကြီးဖြစ်သည်။ ချင်းပြည်နယ်သည် တောတောင်များပေါများပြီး သဘာဝသစ်တောများ၊ အမြဲစိမ်းသစ်တောများဖြင့် ဖုံးလွှမ်းနေပါသည်။

ထိုသစ်တောများအတွင်းမှ အဖိုးတန်ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်းစသည့် အဖိုးတန်သစ်မာများစွာ ထွက်ရှိနေသကဲ့သို့ ပွဲလျက်၊ ရှားစေး၊ ပျားရည်၊ ဝါးအမျိုးမျိုး၊ သစ်ခွ၊ သပြေ ပန်း၊ ထင်းရှူးဆီတို့ထွက်ရှိပါသည်။ ဖလမ်းနှင့်ဟားခါးမြို့တို့တွင် ထင်းရှူးဆီစက်များရှိ၍ ထင်းရှူးဆီပါထုတ်လုပ်ပေးလျက်ရှိပါသည်။

ချင်းပြည်နယ်သည် လူဦးရေပေါင်း ၄၇၃၀၀၀ နေထိုင်လျက်ရှိပြီး၊ အကျယ်အဝန်းမှာ ၁၃၉၀၇ စတုရန်းမိုင်ကျယ်ဝန်းပြီး သဘာဝတောတောင်များဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ ချင်းပြည်နယ်တွင် မြို့နယ်ပေါင်း ၇စ်မြို့နယ်ရှိသည်။

ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဟူ၍ရှိပြီး တောင်ပိုင်းတွင် မင်းတပ်၊ မတူပီနှင့် ကန်ပက်လက် သုံးမြို့နယ်ရှိပြီး မြောက်ပိုင်းတွင် ဖလမ်း၊ ဟားခါး၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန် ဟူ၍ ငါးမြို့နယ်ရှိသည်။

ချင်းပြည်နယ်တွင် ဝိတိုရိယတောင်ခေါ် ခေါ်နုသုမ်တောင်နှင့် ကနေဒီတောင်တို့ရှိသည်။ **ခေါ်နုသုမ်** တောင်သည် အမြင့်ပေ ၁၀၂၀၃ ပေရှိသည်။

ကနေဒီတောင်ထိပ်တွင် နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသော ရုပ်မြင်သံကြားထပ်ဆင့် လွှင့်စက်ရုံရှိသည်။

ကလေးမြို့နယ် နတ်ချောင်းရွာ အနောက်ဘက်ရှိ ဝေဘူလတောင်သည် ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် တည်ရှိပြီး အမြင့် ၄၉၉၇ ပေရှိသည်။ ထိုတောင်ထိပ်တွင် ဂန့်ဂေါမြို့ ယောနယ် မင်းရွာသား "ဘရသေ့ဦးဇောတိက" ဦးဆောင်၍ ဘုရားငါးဆူ တည်ထားကိုးကွယ်လျက်ရှိသည်။

ချင်းတောင်မှ ထွက်ရှိသော သစ်ခွများမှာ ငါးမျိုးရှိသည်။ ၎င်းတို့မှာ ပုစွန်သစ်ခွ၊ မောက်ခန်း (ဝါ၊ ဖြူ၊ နီ)၊ ဆွေနု၊ ကရန်း(အဖြူ)နှင့် ထိပ်ချွန်(အနက်)တို့ဖြစ်သည်။

ထူးထွေဆန်းပြား ရှားပါးလှသော တစ်ပိဿာ ကျပ် ၃၀၀၀ ဈေးရှိ ချင်းတောင်ထွက် ပုစွန်သစ်ခွ။
(ဓာတ်ပုံ-ကလေးဝင်းသူ)

တစ်ပိဿာ ကျပ် ၄၀၀၀ဈေးရှိ ဆေးဖက်ဝင် ချင်းတောင်ထွက် သဘာဝသစ်ခွထိပ်ချွန်အနက်မျိုး။
(ဓာတ်ပုံ-ကလေးဝင်းသူ)

ထိုချင်းတောင်ထွက် သဘာဝသစ်ခွများကို ဘုရားပန်းထိုးရန် သစ်ခွပွင့်ချိန်တွင် သစ်ခွပန်းကို တစ်အုံလိုက် ရောင်းချပြီး သစ်ခွစိမ်းများကို မီးမြိုက်၊ မီးဖုတ်၍လည်း ရောင်းချကြသည်။ ထိုမီးမြိုက်သစ်ခွနှင့် သစ်ခွစိမ်းများကို မန္တလေးသို့ တင်ပို့ရောင်းချကြသည်။

ချင်းတောင်ထွက် သစ်ခွစိမ်း၏ ချင်းပြည်နယ် ပေါက်ဈေးမှာ မီးမြိုက်သစ်ခွတစ်ပိဿာ ကျပ် ၇၅၀၊ ဆွေနုသစ်ခွ တစ်ပိဿာကျပ် ၈၀၀၊ ကရန်း(အဖြူ) တစ်ပိဿာကျပ် ၂၀၀၀၊ ထိပ်ချွန်(အနက်) တစ်ပိဿာ ကျပ် ၄၀၀၀နှင့် ပုစွန်သစ်ခွ ကျပ် ၃၀၀၀ ဈေးရှိသည်။ ချင်းပြည်နယ်ရှိ သစ်ခွများကို ချင်းအမျိုးသားတို့သည် သစ်ပင်ပေါ်တက်၍ ခွာယူခြင်း၊ သစ်ပင်မြင့်လျှင် ဝါးလုံးရှည်ဖြင့်ထိုး၍ ခွာယူခြင်းတို့ဖြင့် တောတောင်အတွင်း လှည့်လည်ရှာဖွေကာ သစ်ခွများကို ခွာယူရောင်းချနေကြရာ တစ်ဖက်တစ်လမ်းက ဝင်ငွေတိုး၍ စားဝတ်နေရေး ပြေလည်နေကြသည်ကို တွေ့ရှိနေရပါသည်။

ချင်းတောင်တန်းကြီးကား ရှုမဆုံး၊ မော်မဆုံး ရှည်လျားလျက်ရှိရာ ချင်းတောင်ထွက်သစ်ခွများကား နေရာအနှံ့ ပေါများလျက်ရှိပါသည်။ မြန်မာ့တောတောင်ရေမြေကား သဘာဝကပေးထားသော သဘာဝသယံဇာတများဖြင့် ပြည့်နှက်လျက်ရှိရာ စနစ်တကျ ထုတ်ယူသုံးစွဲပါက ပဒေသာပင်ကြီးကဲ့သို့ ဆွတ်ယူစား သုံးမကုန်ရှိနေပါသည်။

ထို့ကြောင့် ယနေ့ ချင်းပြည်နယ်ရှိ ချင်းတောင်သစ်ခွများကား မြန်မာ့ရေမြေသဘာဝကပေးအပ်ထားသော အဖိုးတန်ရတနာများဖြစ်ရာ လူသားတို့၏ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက အကျိုးပြုနေကြပြီး မြန်မာ့ရေသယံဇာတ၊ မြေသယံဇာတ ပေါကြွယ်ဝမှုကိုလည်း ဖော်ပြလျက်ရှိနေကြပါသတည်း။ ။

စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်သင်တန်းဖွင့်

မကွေး ဇန်နဝါရီ ၃၁

မကွေးတိုင်းအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများလုပ်ငန်း စွမ်းဆောင်ရည် မြင့်မားရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲကို ဇန်နဝါရီ ၂၆ရက် နံနက် ၈ နာရီတွင် မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်ပို့ချ

အစည်းအဝေးတွင် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ငွေက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အောက်ပုံ)** သင်တန်းသို့ ခရိုင်အတွင်းရှိ ခြောက်မြို့နယ်မှ သင်တန်းသား ၁၀၃ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် လေးပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကြည့်ရှုစစ်ဆေး

ပြည် ဇန်နဝါရီ ၃၁

ပဲခူးတိုင်း အနောက်ပိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် ဇန်နဝါရီ ၁၁ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာမှူး ဦးစိုးသိန်းနှင့်အတူ ပြည်တော်ဇာကျေးရွာပေါ်ရှိ အုတ်ခုံတံတားများ ကြံခိုင်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၄၉၇)

ဇန်နဝါရီ ၁၆ ရက်က မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မရပ်ကွက် မင်းရဲကျော်စွာလမ်း လမ်းပေါက်ဖာထေးခြင်းအား လမ်းပေါက်ဖာကတ္တရာဖိစက်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးဝင်းကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ ဦးသာလှမော်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၀၃)ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရဟန်းရှင်လူ ပြည်သူအများ ရည်ညွှန်း ကိုးကားအားထားရသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ကျမ်းများကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က နှစ်စဉ်မပျက်ထုတ်ဝေလျက်ရှိရာ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၃ ကိုလည်း ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၂၀၀၃ တွင် အပိုင်းသုံးပိုင်ပါရှိရာ အပိုင်း(၁) တွင် ၂၀၀၂ ခုနှစ်အတွင်း မြန်မာနိုင်ငံနှင့် နိုင်ငံတကာ ဖြစ်ရပ်များအနက် ထင်ရှားသောဖြစ်ရပ်များကို သတင်းမှတ်တမ်းအကျဉ်းချုပ်အဖြစ် ဖော်ပြထားသည်။

အပိုင်း(၂)တွင် အထူးဆောင်းပါးရှစ်ပုဒ်ပါရှိရာ ယင်းအထူး ဆောင်းပါးများမှာ ဆရာကြီး ဦးသန်းဦး၏ "ရွှေရတု ပညာတန်ဆောင်"၊ မောင်ကြင်နာ၏ "မြန်မာနိုင်ငံရေကြောင်း တက္ကသိုလ်"၊ ဆရာမင်းနိုင်၏ "ရန်ကုန်ပန်းချီပန်းပု ရွှေရတု"၊ ဦးစိုးမြင့်သန်း၏ "ရည်ညွှန်းစာအုပ်များနှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၏ အခန်းကဏ္ဍ"၊ ဒေါက်တာတင်ထွန်းဦး၏ "(၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် မြန်မာ"၊ နွေသင်နိုင်၏ "မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ"၊ ဦးကြည်ထွဏ်း၏ "စာပေနှင့် သုတဆိုင်ရာ စာတမ်းဖတ်ပွဲများ"နှင့် ဦးထွန်းနိုင်၏ "နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ" ဆောင်းပါးများဖြစ်သည်။

အပိုင်း(၃)တွင် ၂၀၀၂ ခုနှစ်အတွင်း မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များမှ ထင်ရှားသည့် အကြောင်းအရာများကို အက္ခရာစဉ်အလိုက် ဖော်ပြထားသည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၂၀၀၃ တွင် စာမျက်နှာပေါင်း ၃၂၀၊ ရောင်စုံဓာတ်ပုံရှစ်ပုံ၊ အဖြူအမည်း ဓာတ်ပုံပေါင်း ၂၀၀ ကျော်ပါရှိပြီး စက္ကူဖြောဖြင့် ပုံနှိပ်ထုတ်ဝေထားသည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၂၀၀၃ စာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ် စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်း မြို့မအလက မြတ်ဆရာပူဇော်မည်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၃၁

မော်လမြိုင်ကျွန်းမြို့၊ မြို့မအလက (ယခင်ညောင်တုန်းကျောင်း)၏ ပထမအကြိမ်(အငြိမ်းစား) ဆရာ၊ ဆရာမကြီးများအား ကန်တော့ပွဲကျင်းပမည် ဖြစ်ပါ၍ ဆရာ၊ ဆရာမကြီးများကို မတ်လ ၂၈ ရက်တွင် ကန်တော့ခံ ကြွရောက်ပါရန်နှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ ဆက်သွယ် လှူဒါန်းလိုပါလျှင် ဦးမောင်ကို (အဝေရာပရဆေးဆိုင်) မော်ကျွန်း ဖုန်း-၀၄၅-၂၁၅၄၁၊ ကိုအောင်မြတ်ထွန်း ဖုန်း-၀၉၅၀၁၄၂၃၂၊ ကိုကျော်ကျော်ဦး ဖုန်း-၀၉၅၀၁၆၇၆၉၊ ကိုဘုန်းညွန့်ကို ဖုန်း-၅၇၈၃၉၇ သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရောဝတီတိုင်း ရဲတပ်ဖွဲ့မှူးရုံး အမှုစစ် (အခြားအဆင့်) မွမ်းမံသင်တန်းအမှတ်(၁/၂၀၀၄) ဆင်းပွဲကို ဇန်နဝါရီ ၂၃ ရက်က ပုသိမ်မြို့ တိုင်းရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမတွင် ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းထွန်းက သင်တန်းဆင်းတစ်ဦးအား အောင်လက်မှတ်ချီးမြှင့်စဉ်။ (၁၆၅)

(၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ပြည်နယ်အဆင့် ကျပန်းစကားပြောပြိုင်

ဟားခါး ဇန်နဝါရီ ၂၅

ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပြည်နယ်အဆင့်ကျပန်းစကားပြောပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်သမဝါယမဦးစီး ဌာနရုံး အစည်းအဝေးခန်းမကျင်းပသည်။

ပထမဆု

ပြိုင်ပွဲတွင် ပထမဆုရ ဟားခါးမြို့နယ်မှ မောင်နန်မွန်းထောန်နှင့် ဒုတိယဆုရ တွန်းဇံမြို့နယ်မှ မခင်စန္ဒာတို့အား ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်ဦးကလည်းကောင်း၊ တတိယဆုရ ဖလမ်းမြို့နယ်မှ မဒုသင်ထွေးအား ချင်းပြည်နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး တင်သိန်းဟန်ကလည်းကောင်း ဆုများချီးမြှင့်သည်။

ဆုချီးမြှင့်

ဆက်လက်၍ နှစ်သိမ့်ဆုရရှိကြသော ပြိုင်ပွဲဝင်များအား ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးရွှေထီးအိုးက ဆုများချီးမြှင့်သည်။

(ခရိုင်ပြန်/ဆက်)

ဇန်နဝါရီ ၂၇ ရက်က ကျန်စစ်သားအိမ်ရာနေ မောင်သော်ဇေယျာထွန်းနှင့် ညီအစ်ကိုမိသားစုက အောင်မြေသာယာရွှေစေတီတော် ရွှေသင်္ကန်းကပ်လှူရန် အလှူတော်ငွေကျပ်တစ်သိန်းကို လှိုင်သာယာမြို့နယ် အောင်မြေသာယာ ရွှေစေတီတော် ဂေါပကအဖွဲ့ရုံးခန်းတွင် ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးမြသောင်း(ငြိမ်း)နှင့် အဖွဲ့ဝင်တို့က လက်ခံရယူစဉ်။ (၄၉)

ဇန်နဝါရီ ၃၀ ရက်က ဆီဆိုင်မြို့နယ်က ယန်းလေးကျေးရွာတွင် ဂျပန်(ဂျီဂျီအေ)မှ ထောက်ပံ့မှုဖြင့် ဆောက်လုပ်ပြီးစီးသွားခဲ့သည့် ကျပ်သိန်း ၉၀ တန် အခြေခံပညာ တွဲဖက်မူလတန်းကျောင်း ဖွင့်ပွဲတွင် ဆီဆိုင်မြို့နယ် ပညာရေးမှူး ဒေါ်နန်းငွေငွေနှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရွှေမြတ်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စစ်တွေမြို့မဈေး မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဇန်နဝါရီ ၂၇ ရက်က ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ရဲကျော်စွာဝင်းမြင့်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြစိုးနှင့် ဈေးမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်မှုအား ဓာတ်တိုက်လေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

စိတ်ပညာမိသားစု အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော စိတ်ပညာမိသားစု အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရား အနောက်ဘက်မုခ် ယာဉ်ရပ်နားစခန်းအနီး မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။

အခမ်းအနားတွင် ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် စိတ်ပညာဘာသာရပ် ပါရဂူဘွဲ့ရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုခြင်းနှင့် ပါရဂူဘွဲ့တက်ရောက်နေသူများအား ပညာသင်ဆုချီးမြှင့်မည် ဖြစ်သည်။ အလှူငွေ ထည့်ဝင်လိုသူများ ဒေါ်ရွှေရွှေ (ပါမောက္ခ)၊ စိတ်ပညာဌာန၊ အဝေးသင်တက္ကသိုလ်၊ ဦးအောင်သန်းဦး တွဲဖက်ပါမောက္ခ၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ဦးစောဝေပင်ဒါဟိုတယ်၊ အမှတ် ၂၀၅၊ ဝါးတန်းလမ်း၊ လမ်းမတော်နှင့် ဦးတင်ကိုကိုတော်ဝင်မြင့်မိုရ် ကုမ္ပဏီလီမိတက်၊ အမှတ်-၁၅၇/၁၆၃၊ ၃၂ လမ်းတို့သို့ အလှူငွေထည့်ဝင်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဥပဒေပညာဂျာနယ် အတွဲ (၅)၊ အမှတ်(၂) ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရှေ့နေချုပ်ရုံးက ပုံနှိပ်ထုတ်ဝေသော "ဥပဒေပညာဂျာနယ်အတွဲ (၅)၊ အမှတ်(၂)" စာအုပ်ကို တစ်အုပ်လျှင် ကျပ် ၆၀၀ နှုန်းဖြင့် ဇန်နဝါရီ ၃၀ ရက်မှစ၍ ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်များကို ရှေ့နေချုပ်ရုံး ဥပဒေစာအုပ် အရောင်းဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ အင်းဝစာအုပ်ဆိုင်နှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေး လမ်း တိုးချဲ့ဖောက်လုပ်

မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ လိုက်လံကြည့်ရှုစစ်ဆေး

ပျော်ဘွယ် ဇန်နဝါရီ ၃၁

ပျော်ဘွယ်မြို့ မြို့တွင်းဖြတ် ရန်ကုန်-မန္တလေးကားလမ်းမ တိုးချဲ့ဖောက်လုပ်ရေးလုပ်ငန်းများကို ယုဇန ကုမ္ပဏီလီမိတက်က စက်အားလူအား အပြည့်အဝဖြင့် ဆောင်ရွက်လျက်ရှိသည်။

ချောမွေ့မြန်ဆန်

ယင်းသို့ဖောက်လုပ်ရာတွင် မိုင်တိုင်အမှတ် ၃၁၁/၂ မှ ၃၁၂/၂ အထိ တစ်မိုင်အရှည်ကို မူလ ၂၄ ပေအကျယ်မှ ယခုအခါ အကျယ်ပေ ၄၀ အထိ တိုးချဲ့ကတ္တရာခင်းဖောက်လုပ်သဖြင့် ပိုမိုကျယ်ဝန်းပြီး ယာဉ်များသွားလာမှု ချောမွေ့မြန်ဆန်လာသည်။

တာဝန်ယူဖောက်လုပ်

မြို့တွင်းကားလမ်းဖြတ်သန်း ဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ ဇန်နဝါရီ ၂၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်၊ အဖွဲ့ဝင် (၁) ဒု-ရဲမှူးအောင်သန်းတို့ လိုက်လံကြည့်ရှု စစ်ဆေးကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့နယ်အင်ဂျင်နီယာ ဦးတင်ဦးက လိုက်လံရှင်းလင်းပြသသည်။ ယုဇနကုမ္ပဏီလီမိတက်သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို မိတ္ထီလာနှင့် ရမည်းသင်းမြို့နယ်အကြား လမ်းပိုင်း၌ တာဝန်ယူဖောက်လုပ်နေခြင်းဖြစ်သည်။ **(၉၈)**

မြို့နယ်သတင်းများ

ကုန်သည် စက်မှုအသင်းချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အားကစားရေးရာ ကော်မတီက ကြီးမှူး၍ ရွှေသံလွင်ကုမ္ပဏီ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသော ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌဖလား ဆောင်းရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ရက် နံနက်၆နာရီတွင် ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ ကျင်းပသည်။

ယင်းဂေါက်သီးရိုက် ပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြိုင်ပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဆုရရှိကြသူများအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်**(ဝဲပုံ)**၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ အားကစားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဆုများ ပေးအပ်ကြသည်။

ပေးအပ်

ဆက်လက်၍ ဆောင်းရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးသည့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းအား ကုန်သည်/စက်မှု အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ထို့နောက် ဂေါက်သီးရိုက် အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

နှစ်ထပ်သိမ် ဆောက်လုပ်လှူဒါန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း လှည်းကူးမြို့ မဟာဇေယျမင်းကျောင်းတွင် သာသနာ့ဝိလာသိနီ နှစ်ထပ်သိမ်တော်ကြီးကို စုပေါင်းဆောက်လုပ်မည် ဖြစ်သောကြောင့် လှူဒါန်းလိုသော သိမ်အလှူရှင်များသည် ဆရာတော် ဦးကောဝိဒါဘိဝံသ (ဒွိပိဋကရေ) ဖုန်း-၆၂၉၄၈၃၊ ဦးလှအေး(ဥက္ကဋ္ဌ) ဖုန်း-၇၂၆၂၆၉၊ ဦးမင်းလွင်(အတွင်းရေးမှူး) ၀၉၉၉ ၂၂၄၃၀၊ ဦးအောင်ကို(ဘဏ္ဍာရေးမှူး) ၂၅၂၆၀၁၊ ဦးဇော်မြင့် (နာဂိုယာ) (ပြန်ကြားရေးမှူး) ၂၂၀၈၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ရေဒီယိုအစီအစဉ် ကလေးများ သီချင်းဆိုပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ် ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ "တွဲသောလက်များ မဖြုတ်စတမ်း" သီချင်းဆိုပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (ဘီ)၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုကို အလက(၁) ဒဂုံ၊ ဒုတိယဆုကို အထက(၂)လသာ၊ တတိယဆုကို အထက(၂)ကမာရွတ်နှင့် နှစ်သိမ့်ဆုကို အလက(၃) စမ်းချောင်းတို့က ရရှိကြသည်။

— အမှတ်တရ —

ဆုရရှိသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းများမှ ကျောင်းသားမိဘများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ **(သတင်းစဉ်)**

သဲအင်းဂူ ဝိပဿနာတရားစခန်းနှင့် တရားပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၃

မှော်ဘီမြို့ သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ သောဘိတ(ဦးစလင်း)ဦးဆောင်၍ အရှင်သူမြတ်တို့က ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်များကို တွံတေးမြို့ ဘုရားကြီးကျေးရွာ ဓမ္မသုခဓမ္မာရုံတွင် ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်ထိ၊ ကော့မှူးမြို့နယ်ရှိ မကျီးကန်ကျေးရွာ တောင်ပေါ်ကျောင်း၌ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၇ ရက်ထိ၊ နတ်စင်ကုန်းကျေးရွာ ဦးအောင်ကြည်-ဒေါ်ညွန့်တို့၏ တရားမဏ္ဍပ်တွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်ထိနှင့် ကျူတောချောင်းကျေးရွာ ဦးကြင်မောင်-ဒေါ်တင်ငွေတို့၏ အလှူမဏ္ဍပ်၌ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်ထိ ဟောပြောပြသပေးမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၁၀)ကြိမ်မြောက် တရားစခန်းပွဲတွင်လည်း ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆရာတော်ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ) တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ (တပို့တွဲလပြည့်ကျော် ၃ ရက်) ဖေဖော်ဝါရီ ၈ ရက်(တနင်္ဂနွေ)နေ့ ညနေအရောက် လာကြရန်နှင့် ဖုန်း-၆၀၀၅၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်း ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် စုံညီပွဲတော်နှင့် ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်တွင် ကျင်းပရာ သူငယ်တန်း(က)မှ မအိမ့်ကြေးမုံမင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူက အတန်းတွင်းပထမဆုနှင့် ဘက်စုံထူးချွန် တတိယဆု ချီးမြှင့်စဉ်။

(က-ပ)

အသုံးချ ကွန်ပျူတာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

IBS Computer သင်တန်းမှ လက်တွေ့ အသုံးချ ကွန်ပျူတာ သင်တန်းများကို နံနက် ၇ နာရီမှ ည ၈ နာရီခွဲအတွင်း နှစ်သက်ရာ အချိန်နှင့်ရုံး၊ အိမ်အရောက် သီးသန့်သင်တန်းများကိုလည်း သင်ကြားပေးမည်ဖြစ်သည်။ Windows XP, D.T.P, Access, C&C++ Java Visual Basic Auto CAD, Graphic Design, (A+) Hardware, Accepac Course, Email & Internet Course များနှင့် ကလေးငယ်များအတွက် ကွန်ပျူတာ သင်တန်းများ စီစဉ်ထားသည်။

ထို့ပြင် ကွန်ပျူတာစက်သစ်များ အသုံးပြုပြီး စက်များအား ရောင်းဝယ်၊ လဲလှယ်ပြုပြင် ထိန်းသိမ်းပေးခြင်း၊ တပ်ဆင်ပေးခြင်းစသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ စိတ်ဝင်စားသူများ (၂၄)၊ မြေညီထပ်၊ ၁၄၆လမ်း တာမွေသီတာလမ်းမှတ်တိုင် ဖုန်း-၂၉၆၂၆၆၊ ၂၉၃၆၉၇ နှင့် (၄၁၆) ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် (ရွှေငွေထွန်းစတိုး) ဖုန်း-၂၉၈၁၅၆ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကလေးများအတွက် နွေရာသီ အင်္ဂလိပ်စာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

Q.E.L.C Languge Centre တွင် တတိယတန်းမှ နဝမတန်းအထိ နွေရာသီ အင်္ဂလိပ်စာသင်တန်းများကို Level (1) (2) (3) ခွဲ၍ မတ် ၈ ရက်နှင့် ၁၂ ရက်များတွင် ဖွင့်လှစ်မည်။

လက်ခံ

သုံးတန်း၊ လေးတန်းများအတွက် Level (1) နှင့် ငါးတန်း၊ ခြောက်တန်းအတွက် Level (2)၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင်လည်းကောင်း၊ ၇၊ ၈၊ ၉ တန်းများအတွက် Level (3) ကို သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင်လည်းကောင်း လူဦးရေ ၁၅ ဦးသာ လက်ခံမည်ဖြစ်၍ စတင် စာရင်းပေးသွင်းနိုင်ကြောင်း၊ အင်္ဂလိပ်စကားပြော (BSE) 14- Skill English, Grammar, Reading & Vocabulary, Ielts, Toefl, FCE, Sat, Gre, Whole-Year Teaching Centre Student (WTCS) များကိုလည်း ဖေဖော်ဝါရီ ပထမပတ်နှင့် ဒုတိယပတ်များတွင် ဖွင့်လှစ်မည်။

စုံစမ်းနိုင်

အသေးစိတ် သိလိုပါက ဆရာဦးမောင်မောင်သိန်း B.A (English) Diploma in ELT,Cambridge Certificate in Elt (Q.E.L.C) အမှတ်(၁၅၆)၊ လေးထပ်၊ အနော်ရထာလမ်း၊ (၄၆)လမ်းနှင့် (၄၇)လမ်းကြား ဖုန်း-၇၂၄၅၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

နွေရာသီ သင်တန်းများ ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

အမှတ် ၂၂၀/၂၂၂၊ ဗိုလ်တထောင်ဘုရားလမ်းရှိ SILTA မှ ကျောင်းသူ၊ ကျောင်းသားများ၏ မူကြိုကလေးငယ်များ စွမ်းရည်ပြပွဲကို ဇန်နဝါရီလ ၂၈ ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ဆရာ၊ မိဘများ၊ ကျောင်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်အားပေးကြသည်။ ကလေးများ ပညာတိုးပွားစေရန် အင်္ဂလိပ်စာနှင့် Internet အသုံးပြု၍ ဗဟုသုတ ရှာမှီးစေရန်အတွက် နွေရာသီ သင်တန်းများကို မတ်လမှ မေလအထိ ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း- ၂၉၄၃၉၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်တာနက်နှင့် အီးမေးလ် ရက်တိုသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

Myanmar Information Technology(MIT) မှ Internet & E-Mail ရက်တိုသင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ထိုသင်တန်းတွင် Internet အခြေခံ သဘောတရားများကို သိရှိစေရန်၊ Internetကို အသုံးပြု၍ အချက်အလက်များ ရှာဖွေတတ်စေရန်၊ Internet မှတစ်ဆင့် မိတ်ဆွေများနှင့် အပြန်အလှန် စကားပြောဆိုနိုင်စေရန်၊ E-Mail ကိုအသုံးပြု၍ ပြည်တွင်း၊ ပြည်ပသို့ ဆက်သွယ်တတ်စေရန် စသည့်သင်ခန်းစာများကို သင်ကြားပေးမည်ဖြစ်သည်။ ထို့ကြောင့် Internetကို အခြေခံမှစ၍ အကျိုးရှိရှိ လေ့လာလိုသူများ၊ မိမိတို့၏ လုပ်ငန်းလိုအပ်ချက်များအရ Internet နှင့် E-Mail ကို အသုံးပြုလိုသူများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အထူးသင့်လျော်သော သင်တန်းဖြစ်သည်။ သင်တန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဆောင်ရွက်ပေး

ပုံမှန်ဖွင့်လှစ်သော သင်တန်းချိန်များအပြင် တစ်ဦးချင်း သီးသန့်သင်ကြားလိုသူများ၊ အစိုးရအဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ အစုလိုက် တက်ရောက်လိုသူများအတွက်လည်း နှစ်သက်ရာအချိန်များကို ရွေးချယ်တက်ရောက်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

စုံစမ်းမေးမြန်းနိုင်

သင်တန်းတွင် တစ်ဦးလျှင် စက်တစ်လုံးစီဖြင့် Internet ကို တိုက်ရိုက်ချိတ်ဆက်၍ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် အမှတ်-၁၁၂၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉နှင့် အခန်း-၃၀၊ Mandalay MICT Park၊ ၄-လွှာ၊ ရတနာပုံဈေး အပေါ်ထပ်၊ မန္တလေးမြို့ ဖုန်း-၀၂-၆၈၄၃၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖြူတီမဂ္ဂဇင်းလေးနှစ်ပြည့် အထူးထုတ်ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၃

လူငယ်များအတွက် ဦးတည်ထုတ်ဝေသည့် ဖြူတီမဂ္ဂဇင်း လေးနှစ်ပြည့် ဖေဖော်ဝါရီလ အထူးထုတ် ထွက်ရှိလာရာ ဂျူး၊ နေဝင်းမြင့်တို့၏ မျက်နှာဖုံး ဆောင်းပါးများနှင့်အတူ လူငယ်များနှင့် ခေတ်အခြေအနေအား ဝိုင်းဝန်းဆွေးနွေး သုံးသပ်ထားကြသည့် ဖေမြင့်၊ ကိုတာ၊ ကျော်ဝင်း၊ သန်းစိုးနိုင်နှင့် အော်ပီကျယ်တို့၏ စကားဝိုင်းလည်း ပါရှိသည်။ **(အပေါ်ပုံ)**



(က-ပ)

နှမ်းမနဲထိုးပွဲလှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) သတ္တမအကြိမ်မြောက် နှမ်းမနဲထိုးပွဲကို ဖေဖော်ဝါရီ ၁၃ ရက်တွင်ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၄ ရက် မွန်းတည့် ၁၂ နာရီမှစ၍ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် (၇၇)ရှိ အသင်းခန်းမ၌ စတုဒိသာကျွေးမွေး လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၂၉၀၄၀၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄–၂၀၀၅ ပညာသင်နှစ်
မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Post graduate Diploma in Multi-media Arts (Education) (PGDMA)သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် အဆိုပါတက္ကသိုလ်များတွင် ဖွင့်လှစ်မည့် မာလ်တီမီဒီယာအတတ်ပညာ ဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း Postgraduate Diploma in Multi-media Arts (Education) (PGDMA)အမှတ်စဉ် (၅)သို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့်ပြည့်စုံရပါမည်–
- (က) လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ သချာ်၊ ရူပ၊ ဓာတုဘွဲ့ရရှိသူများ၊ အင်္ဂလိပ်ဘာသာ၊ ပထဝီ၊ ဘောဂ၊ ဝါဏိဇ္ဇဘွဲ့ရသူများဖြစ်ရမည်။
- (ဂ) အခြေခံပညာဝန်ထမ်းဖြစ်ပါက ဘွဲ့တစ်ခုခုရှိသူဖြစ်ပြီး အခြေခံကျောင်းမှ တာဝန်ခံ၍ စေလွှတ်သူများဖြစ်ရပါမည်။ ၂၀၀၄ ခုနှစ်၊ ဇွန်လ(၁၄)ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကြီး သူဖြစ်ရမည်။
- (ဃ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့်စစ်ကိုင်းပညာရေးတက္ကသိုလ်(မန္တလေး ဌာနခွဲ) တို့တွင် တက်ရောက်နိုင်ရမည်။
- (င) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ (သို့မဟုတ်)ဘွဲ့ရကြောင်း ထောက်ခံစာပူးတွဲတင်ပြရမည်။
- (စ) မွေးသက္ကရာဇ် အထောက်အထားအတွက် လျှောက်လွှာနှင့်အတူ အခြေခံပညာ အထက်တန်းစာမေးပွဲအောင်လက်မှတ် ဓာတ်ပုံမိတ္တူပူးတွဲတင်ပြရမည်။
- (ဆ) သင်တန်းကာလမှာ ၂၀၀၄ ခုနှစ် ဇွန်လ(၁၄)ရက်မှ ၂၀၀၅ ခုနှစ်ဧပြီလဆန်းပိုင်းအထိဖြစ်သည်။

၃။ သင်တန်းတက်ရောက် အောင်မြင်ပြီးသူများကို အခြေခံပညာကျောင်းများတွင် အလယ်တန်းပြ အဖြစ်ခန့်ထားပြီး လုပ်သက်ပြည့်မီချိန်တွင် ပညာရေးဘွဲ့(B.Ed)သင်တန်းဝင်ခွင့် အစီအစဉ်အရ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူး(အရှေ့)၊ ပဲခူး(အနောက်)၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းတို့မှ လျှောက်ထားသူများသည် လျှောက်လွှာများကို ရန်ကုန်မြို့ အမှတ်(၁) အခြေခံပညာဦးစီး ဌာနသို့လည်းကောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(တောင်/မြောက်/အရှေ့)တို့မှ လျှောက်ထားသူများသည် မန္တလေးမြို့ အမှတ်(၂) အခြေခံပညာဦးစီးဌာနသို့လည်းကောင်း၊ ရန်ကုန်တိုင်းမှ လျှောက်ထားသူများသည် ရန်ကုန်မြို့ အမှတ်(၃) အခြေခံပညာဦးစီးဌာနသို့လည်းကောင်း၊ ပညာရေးကောလိပ်/ပညာရေးတက္ကသိုလ်များနှင့် လေ့ကျင့်ရေးကျောင်းများမှ လျှောက်ထားသူများသည် ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီးထံသို့လည်းကောင်း ပေးပို့ကြရမည်။

၅။ ဝန်ထမ်းဖြစ်ပါက ၂၀၀၄ ခုနှစ် ဇွန်လ(၁၄)ရက်နေ့တွင် အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်။ မိမိတာဝန်ထမ်းဆောင်နေသည့် ရုံးဌာနဆိုင်ရာ အကြီးအကဲ၏ 'ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာ'ကို ပူးတွဲ၍ သက်ဆိုင်ရာ ပြည်နယ်တိုင်း ပညာရေးမှူးများ(တွဲဖက်ပြည်နယ်နှင့် တိုင်းခွဲအပါအဝင်)မှတစ်ဆင့် သက်ဆိုင်ရာ ဦးစီးဌာနသို့ ပေးပို့လျှောက်ထားရမည်။

၆။ လူတွေ့နှုတ်ဖြေကို ၂၀၀၄ ခုနှစ်၊ မတ်လ(၂၉)ရက်နေ့တွင် သက်ဆိုင်ရာ အခြေခံပညာဦးစီးဌာနများ၌ စစ်ဆေးမည်ဖြစ်ပါသည်။

၇။ ဘွဲ့လက်မှတ်မူရင်းနှင့် အခြေခံပညာအထက်တန်းအောင် လက်မှတ်မူရင်းတို့ကို တစ်ပါတည်းယူဆောင်လာရမည်။

၈။ လျှောက်ထားသူများသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ပြုစုရေးသား ဖြည့်သွင်းထားသော လျှောက်လွှာ(၃)စုံတွင် ခြောက်လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ၊ (မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်နှင့်ဓာတ်ပုံ၊ မျက်မှန်မပါဓာတ်ပုံ)တို့ကို ကပ်၍ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ရန်ကင်းပညာရေးကောလိပ်သို့ ၂၀၀၄ ခုနှစ်၊ မတ်လ(၂၃)ရက်နေ့ထက် နောက်မကျစေဘဲ ပေးပို့ရပါမည်။

ဘိုဝင်း
ညွှန်ကြားရေးမှူးချုပ်။

၂၀၀၄–၂၀၀၅ ပညာသင်နှစ်
မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Postgraduate Diploma in Multi-media Arts (Education) (PGDMA)
အမှတ်စဉ်(၅)သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ **လျှောက်ထားသူ၏ အကြောင်းအရာ**

အကြောင်းအရာ	အမည်	နိုင်ငံသားမှတ်ပုံတင်အမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ်––––ခုနှစ်–––––လ––––––––ရက်

၃။ အပထအောင်မြင်ခဲ့သည့်စာစစ်ဌာနနှင့်ပြည်နယ့်တိုင်း––––––––––––––––––
–––––––––––––––––––––––––––––––––––––––

၄။ ဘွဲ့အမည်နှင့်အဓိကယူခဲ့သည့်ဘာသာ–––––––––––––––––––––––––––
အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့်ခုနှစ်––––––––––––––––––––––––––

၅။ ဆရာတတ်ပညာဒီပလိုမာသင်တန်း(PGDT)အမှတ်စဉ်(၆)သို့ဝင်ခွင့်လျှောက်ထားခြင်းရှိ/မရှိ–––

၆။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး၊ ခင်ပွန်းအမည်နှင့်––––––––––––––––––––
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်––––––––––––––––––––––––––––––

၇။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ––––––––––––––––––––––––––––––
–––

၈။ အလယ်တန်းပြဆရာအဖြစ်ခန့်ထားပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ––––––––––––––––––––––––––––––––––––

–––––––––––
လျှောက်ထားသူလက်မှတ်

ရက်စွဲ ၂၀၀၄ခုနှစ်၊ မတ်လ ( )ရက်။

CRANE
ကားစီးလုံးငှားသည်
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်သည်
538535, 708569, 09-5002018

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး၊ အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ–၃၊ မရမ်းကုန်း)

အခြေစိုက်အလုပ်ရုံအမှတ်(၃)တွင် ဖွင့်လှစ်သော အမျိုးသား/သမီး အခြေခံယာဉ်မောင်းသင်တန်းကို ၈–၃–၂၀၀၄ တွင် ဖွင့်လှစ်ပါမည်။

၉–၂–၂၀၀၄နေ့မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။ အင်ဂျင်နီယာမှူးများနှင့်ဝါရင့်နည်းပြဆရာများမှသင်ကြားပေးပါသည်။ သင်မောင်းလိုင်စင်နှင့်(ခ)လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

၎င်းအပြင်–အခြေခံ(လျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်ထိန်းသိမ်းပြုပြင်မှုသင်တန်း၊ တွင်ခုံသင်တန်း)များကို ၃–၃–၂၀၀၄နေ့တွင်စတင်ဖွင့်လှစ်ပါမည်။

အင်ဂျင်နီယာမှူးများနှင့် ဝါရင့်ပညာရှင်များက စာတွေ့/လက်တွေ့ကို အနီးကပ်ကြီးကြပ်သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်– ပြည်လမ်း(၈)မိုင်လမ်းဆုံနှင့် မြို့ဟောင်ပန်းခြံအနီး၊ မရမ်းကုန်းမြို့နယ်။ ဖုန်း–၆၆၀၈၅၁။

SILTA
Skills-Integrated Learning & Teaching Academy
Pre-school (Age 3 – 5)
Summer Course (Age 5 – 15)
Enroll Now!
No. 220 - 222, Botahtaung Pagoda Rd. Pazundaung T/S. Yangon.
Tel: (01) 294397 E-mail: silta@mptmail.net.mm

အားထားရမည့် "သားကြီး"

ယနေ့တွင် ကျရောက်သည့်သားကြီး **မောင်ကျော်စိုးဟန်** [V.I. T.T.C., P.I.E.C, B.C]၏ (၁၁)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ၍ လိုရာဆန္ဒများ ပြီးပြည့်စုံပါစေ–––။

ဖေဖေ – ဦးမောင်မောင်ဌေး(ရန်ကုန်စည်ပင်)
မေမေ – ဒေါ်ဌေးဌေးရီ
မမ – ခက်ခက်ခိုင်(2nd Year Eco)
ညီညီ – ရဲမာန်စိုး [I.A T.T.C, P.I.E.C]

မုန်းနိုင်းတိုင်းမမုန်းနိုင်ဘူး
ရင်ဂို မာရစ္စ အဲလက်စ် ရတနာဦး သို့
VCD KARAOKE

မွေးနေ့ဆုတောင်း

ချစ်လှစွာသော သားကြီး **မောင်သက်ထွန်း** ၏ ၄–၂–၂၀၀၄တွင် ကျရောက်သော မွေးနေ့မှသည် မွေးနေ့ရာပေါင်းများစွာ ပျော်ရွှင်ချမ်းမြေ့ပါစေ ...။

ပါကြီး – ဦးသိန်းထွန်း **အဖေ – ဦးမြင့်သိန်း**
မေ – ဒေါ်မြဝင်း **အမေ – မမီ**
ကုန်းမြင့်သာ **အေးစုခိုင်(ဆုးလေ)**

Presented by Swiftwinds Services Co. Ltd.
teen magazine
17, February, 2004
ထွက်ပါပြီ

educator
အထူးထုတ်

မွေးနေ့ဆုတောင်း

၂–၂–၂၀၀၄ရက်နေ့တွင် ကျရောက်ခဲ့သော ဇနီး **ဒေါ်စန်းစန်းအေး** ၏ (၃၉)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ သာယာဖြောင့်ဖြူးသော ဘဝခရီးကို "မောင်" နှင့်အတူ လျှောက်လှမ်းနိုင်ပါစေ ...။

ခင်ပွန်း – ဗိုလ်ကြီးလှအောင်(ငြိမ်း) ဌာနမှူး၊ သန်မြန်သူ၊ မော်တော်ယာဉ်(လိုင်)ကြီးကြပ်ရေးကော်မတီ၊ ရန်ကုန်တိုင်း။

ချစ်သမီး – လှအဥ္ဇလီအောင် (အမက–၂၊ ကမာရွတ်၊ ဒုတိယတန်း–က)

Smat School Labs in Myanmar II A.

RUBY Car Rental
725317, 650823

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ယဉ်မေ (ကသာမြို့)

ဦးဝင်းသိန်းဦး (စစ်ကိုင်းတိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး)–ဒေါ်မြအေးမော် (အလပြ၊ အမက၊ပါရမီ၊စစ်ကိုင်းမြို့)တို့၏ မိခင်သည် ၃၀–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမိသားစု။

OD Tour
OD Style

ပြင်ဆင်ဖတ်ရှုပါရန်

၂၇–၁–၂၀၀၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)ပါ သားသား ကောင်း ထက်မြတ်ဇော်(ခ) ပြုံးချိုအတွက် မွေးနေ့ဆုမွန်ကြော်ငြာတွင် မွေးနေ့ရက်အား ၂၇–၁–၂၀၀၄ ဟုလည်းကောင်း၊ ဦးခင်ဇော်ဦး (CNC. PROGRAMMER) BERJAYA STEEL PRODUCT NILAI ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ယဉ်မေ (ကသာမြို့)

ဦးဝင်းသိန်းဦး (စစ်ကိုင်းတိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး)–ဒေါ်မြအေးမော် (အလပြ၊ အမက၊ပါရမီ၊စစ်ကိုင်းမြို့)၏ မိခင်သည် ၃၀–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)

(ရေစကြို)

သာကေတမြို့နယ်၊ ရေဝဏ်ရိပ်သာ၊ တိုက်(၈)နေ ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ(ငြိမ်း) မကျန်းမာစဉ်က ကုသပေးခဲ့ကြသော ပါမောက္ခနှင့် ဆရာဝန်၊ ဆရာများ၊ ဗဟိုစည်အထူးကုဆေးခန်းမှ ဒါရိုက်တာနှင့် ဆရာ၊ ဆရာမများအား လည်းကောင်း၊ ဈာပနကိစ္စအဝဝကို လိုလေသေးမရှိအောင် ကိုယ်တိုင်တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးသည့် ကုန်းလမ်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဆက်သွယ်ရေးတပ်မှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သား၊ ဝန်ထမ်းများ၊ ဈာပန အခမ်းအနားသို့ လိုက်ပါပို့ဆောင်ကြသည့် ရေစကြိုမြို့နယ်အသင်းနာယကများ၊ အလုပ်အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများ၊ ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ ဝမ်းနည်းကြောင်း သတင်းမေးပြီး ကျန်ရစ်သူမိသားစုအား နှစ်သိမ့်စကားပြောကြားကြသည့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူအားလုံးအား လည်းကောင်း ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

လှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သမီးလေးမခင်ဖြိုးကြည် ၁၈-၁-၂၀၀၄ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ပူဆွေးသောက ရောက်ခဲ့ကြပြီး သမီးလေး၏ ဈာပနကို ကြင်နာသနားစွာ ဝိုင်းဝန်းပံ့ပိုးခဲ့ကြသော စင်ကာပူနိုင်ငံ မြန်မာသံရုံးမှ အရာထမ်း၊အမှုထမ်းများ၊ Mr. Alan Liu (Director Internarional), Mr. Hans Anderson (Recruitment Manager), The Management (Nanyang Institute of Management), Mr. Jack Lim & Mrs Nancy Teo, B.P.L Group, Soil & Foundation (Pte) Ltdမှ Director Mr. Allen Ng, Dr. Win Naingနှင့် ခေတ္တ-စင်ကာပူရောက် မြန်မာမိတ်သင်္ဂဟ ကျောင်းသူကျောင်းသားများ၊ ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) ဦးစီးနာယက များမှသည် အသင်းသူ၊ အသင်းသားများ၊ ကွမ်းခြံကုန်းမြို့မှ သားချင်းမိတ်ဆွေ သင်္ဂဟများ၊ M.I.E.Cမှ ဆရာဆရာမများ၊ ပ-ဆ-လမှ ဆရာများ၊ ရောင်းရင်းများ၊ ပြည်/အင်းစိန် G.T.Iမှကျောင်းသား၊ ကျောင်းသူဟောင်းများ၊ Y.C.D.Cမှ သူငယ်ချင်းများ၊ လမ်းမတော်မြို့နယ်မှ မိတ်ဆွေများ၊ အထက(၄) ဗိုလ်တထောင်မှ ဆရာမများနှင့် ကျောင်းသူဟောင်းများ၊ K.M.Dမှ ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၊ စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမ၊ ကျောင်းသား/သူများ၊ သန်လျင်တံတားအိမ်ရာမှ ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့်တကွ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟများ၊ အနယ်နယ်အရပ်ရပ်မှ ဆက်သွယ်မှု အမျိုးမျိုးဖြင့် နှစ်သိမ့်အားပေးကြသော မိတ်သင်္ဂဟများ၊ လှူဒါန်းဖွယ်ရာဝတ္ထုပစ္စည်းများ ပေးပို့ကြသော မိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခွေ/ပန်းခြင်း ပေးပို့ကြသူများနှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို နက်ရှိုင်းစွာ ကျေးဇူးတင်ရှိပါကြောင်း မိသားစု၏ နှလုံးသားကမ္ပည်းထက်တွင် တစ်သက်တာမှတ်တမ်းတင်အပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ချို(ခ)ဦးကောက်

B.E (Mechanical)

အသက်(၅၂)နှစ်

(ဝါးခယ်မ)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ (၇)ဈေးလမ်းမကြီး၊ အမှတ်(၁၀၄၈)နေ ဦးအငယ်-(ဒေါ်ကျင်)တို့၏ သားထွေး၊ (ဦးမောင်အေး-ဒေါ်ကျင်မွှေး)တို့၏သားသမက်၊ ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဒေါ်သန်းရင်၊ ဒေါ်အုန်းကျင်၊ ဦးဝင်းကြည်-ဒေါ်အေးအေးသက်၊ ဦးလှခိုင်-ဒေါ်ခင်ရီတို့၏ ညီ/မောင်၊ ဦးမောင်မောင်-ဒေါ်မြင့်ကြည်၊ ဦးရွှေကို-ဒေါ်တင်လှတို့၏အစ်ကို၊ မောင်နေမျိုးမောင်မောင်(YTU Diploma in Mechanical၊ တတိယနှစ်၊သချာ်)၊ မမျိုးမဥ္ဇူ (ဆေးဝါးကျွမ်းကျင်၊ ဒုတိယနှစ်)၊ မောင်အောင်မျိုးသူ(အထက-၂၊ သာကေတ)တို့၏ဖခင်သည် ၂-၂-၂၀၀၄ (တနင်္လာနေ့) ညသန်း၃၅နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရေပ်ဟန်း၊ဒါယိကာမကြီး

ဒေါ်လှသန်း (၇၈)နှစ်

လူထုပညာရေးမှူး၊ အငြိမ်းစား

(ကွမ်းခြံကုန်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရုံတန်းလမ်း၊ အမှတ်(၁၃)နေ (ဦးရန်မြ-ဒေါ်တင်တင်နု)တို့၏ သမီး၊ ဦးဝန်-ဒေါ်ကြည်ကြည်၊ (ဦးထွန်းကြည်-ဒေါ်အေးမြင့်)၊ (ဦးအုန်းဖေ)-ဒေါ်ယဉ်နု တို့၏ တူမ၊ (ဦးသင်-ဒေါ်အေးမြင့်)တို့၏ ညီမ၊ (ဦးဘညိမ်း)-ဒေါ်ခင်စန်း၏ အစ်မကြီး၊ မခိုင်နွယ်ထွန်း၏ မွေးသမိခင် ဒေါ်လှသန်းသည် ၃-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ ဆန္ဒအလျောက် ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊ရေပ်ဟန်း ဒါယကာကြီး

ဦးအောင်စိုး (မိုးကုတ်ယောဂီ)

အသက်(၇၀)

(ဦးမှတ်-ဒေါ်သိန်းတင်)တို့၏ သားလတ်၊ (ဦးခင်မောင်ဆက်-ဒေါ်ဝန်)တို့၏ သားသမက်၊ အမှတ်(၁၃၇)၊ မြင်တော်သာလမ်း၊ (၆)အနောက်ရပ်ကွက်၊ သာကေတမြို့နေ ဒေါ်ခင်ခင်ဦး၏ ခင်ပွန်း၊ (ဦးတင်ဦး)-ဒေါ်တင်တင်အောင်တို့၏မောင်၊ ဦးအုန်းခင်-ဒေါ်အေးအေးတို့၏ အစ်ကို၊ ဦးညီညီပေါက်-ဒေါ်နုနုအောင်၊ ဦးတင်မောင်ဇော်-ဒေါ်ဥမ္မာ၊ ဦးမျိုးသိုက်ထွန်း-ဒေါ်အေးအေးမူ တို့၏ ဖခင်၊ မောင်ဇာရဲမာန်၊မောင်စိုးမင်းထွန်း-မစောသန္တာ၊ မဟေမာန်ဇော်၊မောင်စစ်နိုင်၊ မောင်ပိုင်ခန့်တို့၏ အဘိုး၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၂-၂-၂၀၀၄ရက်နံနက် ၅း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄ရက်နံနက် ၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများနံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တွတ်နီ(ခ)ဒေါ်နီ

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃၁)လမ်း၊ အမှတ်(၇၉)၊ ပထမထပ်နေ (ဦးထွန်းဦး-ဒေါ်ကျင်ရွှေ)တို့၏ သမီး၊ (ဦးကျင်)၏ဇနီး၊ ဒေါ်ကင်နွမ်း၏ အစ်မ၊ (ဦးကာအိုး)-ဒေါ်သန်းသန်းငွေ၊ ဦးသိန်းလှ-ဒေါ်စန်းစန်းငွေ၊ ဦးခင်မောင်တိုး-ဒေါ်ခင်နှင်းယု၊ ဦးအေးမြင့်-ဒေါ်ချိုချို၊ ဦးကျော်ဝင်း-ဒေါ်ခင်ငွေဝင်း၊ ဦးအောင်ထူး-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးထွန်းမြင့်-ဒေါ်မြမြ၊ မမြမြအေးတို့၏မိခင်၊ မြေး၁၉ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်အေး (၇၄)နှစ်

(မှော်ဘီ)

အမှတ်(၆၇၅)၊ ပုဂံလမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးစစ်ကူး-ဒေါ်အေးစိန်)တို့၏ သမီး၊ ဦးစံရှင်(RTC၊ငြိမ်း)၏ ဇနီး၊ တောင်ကြီးမြို့နေ ဒေါ်တင်လှ၏ အစ်မ၊ ကိုစံအေး၊ (ကိုစံဝင်း)၊ ကိုစံသိန်း-ဒေါ်မာမာဝေ၊ (ကိုသိန်းလှိုင်)-မဥမ္မာဝင်း၊ မငွေငွေဝင်း၊ ကိုမောင်မောင်ထွေး - မအေးအေးမွန်၊ မလှလှဝင်း၊ မစန်းလှကြည်၊ ကိုမောင်မောင်မြင့်တို့၏ အဒေါ်၊ မြေးကိုးယောက်တို့၏အဘွားသည်၂-၂-၂၀၀၄ (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းဦး(ခ)

U Eddi Richardson

အသက်(၅၁)နှစ်

Chife Guide (Operation Director)

Myanmar Tourex Travel Service Ltd.

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၇၉)၊ (ဒုတိယအလွှာ)နေ [ဗိုလ်ကြီးချစ်စိန် (ငြိမ်း)-ဒေါ်ကြည်ကြည်စိန်]တို့၏ သား၊ ဦးကျော်ရွှေ-ဒေါ်ခင်စိန်တို့၏ သားသမက်၊ ဒေါ်ချိုပြုံး(ခ)ဒေါ်မေဇင်နိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ညွန့်ညွန့်စိန်၊ ဒေါ်တင်တင်အေး၊ ဦးငွေအောင်-ဒေါ်မာလာစိန်တို့၏ ညီ/မောင်၊ မအေးသန္တာမြင့်(ပဋ္ဌမတန်း၊ အထက-၁၊ ဒဂုံ)၊ မောင်ဉာဏ်လင်းထက် (သူငယ်တန်း၊ အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသော ဖခင်သည် ၃-၂-၂၀၀၄ရက် နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်စောသိန်း

အသက်(၄၉)နှစ်

စာတိုက်မှူး၊ မင်္ဂလာဒုံလေဆိပ်

(မင်းပြား)

မင်းပြားမြို့နယ်၊ ချောင်းနွယ်ရွာနေ (ဦးလှထွန်းဖြူ)-ဒေါ်ကြာလှဦးတို့၏ သား၊ မြောက်ဦးမြို့၊ ဘုရားပေါ်နေ (ဦးဘကျော်-ဒေါ်ဝါလှဖြူ)တို့၏ သားသမက်၊ ဒေါ်နုစိန်၏ ခင်ပွန်း၊ မောင်ရဲထွန်းဘော်၊ မောင်ရဲထွန်းအောင်၊ မစောလှရွှေတူ၊ မစောလှသန္တာတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၃-၂-၂၀၀၄ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်ဟုတ်

အသက်(၈၀)

အငြိမ်းစား၊လ/ထ တိုင်းပညာရေးမှူး

(ပဲခူးတိုင်း)

(ကျုံမငေး)

ကျုံမငေးမြို့နေ (ဦးစစ်တင်-ဒေါ်တင်စိန်)တို့၏ သားကြီး၊ ကျုံမငေးမြို့နေ ဒေါ်တင်တင်လှ၊ ရန်ကုန်မြို့နေ ဒေါ်သန်းသန်း၊ ဦးသိန်းထိုက်-ဒေါ်စန်းစန်းမြင့်၊ ဦးအောင်ဖုန်း-ဒေါ်ခင်စစ်အေး၊ ဦးသန်းလွင်-ဒေါ်အေးအေးသင့်၊ ဦးမောင်မောင်တို့၏ အစ်ကိုကြီး၊ ဦးဝင်းကို-ဒေါ်အေးသန္တာ၊ ဦးစည်သူ-ဒေါ်သီဂီမျိုးမြင့်၊ ဦးစစ်တိုင်းအောင် - ဒေါ်ယဉ်ဝင်းဝင်းအောင်(လ/ထကထိက၊ဓာတုဗေဒဌာန)၊ ဦးဝေဖြိုးလင်း-ဒေါ်နှင်းဦးလွင်၊ ဦးစစ်သွေးအောင် - ဒေါ်သဥ္ဇာထွန်းတို့၏ ဘကြီး ဆရာကြီး ဦးခင်ဟုတ်သည် ၃-၂-၂၀၀၄ရက်တွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄ ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၇း၃၀နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်ဟုတ်

အသက်(၈၀)

အငြိမ်းစား၊ လ/ထတိုင်းပညာရေးမှူး

(ပဲခူးတိုင်း)

(ကျုံမငေး)

ကျုံမငေးမြို့နေ (ဦးစစ်တင်-ဒေါ်တင်စိန်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ အမှတ်(၆၇/၂)၊ (၆)လမ်း၊ မြင်သာ(၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်ဆုံ၏ ခင်ပွန်း၊ (ဦးမြင့်ဦးမောင်)-ဒေါ်တင်တင်နွယ်၊ ဦးထင်လင်းမောင်-ဒေါ်အေးအေးတိုး၊ ဗိုလ်မှူးညီဇော်မြင့်-ဒေါ်ခင်လတ်လတ်မွန်(ကထိက၊ ရက္ခဗေဒဌာန၊ တောင်ငူတက္ကသိုလ်)၊ ဒေါ်ခင်အေးအေးမွန်တို့၏ ဖခင်၊ မချမ်းမြေ့ကျော်၊ မောင်ကျော်စွာအောင်၊ မနှင်းဝေလင်း၊ မောင်ဟိန်းထက်အောင်၊ မမေမီမောင်၊ မောင်ထက်လင်းအောင်၊ မယွန်းပွင့်အောင်၊ မောင်အောင်မင်းခန့်တို့၏ ဘိုးဘိုးကြီးသည် ၃-၂-၂၀၀၄ရက်တွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးအေးမောင်(ခ) မိုဟာမက်အီစမိုင်အီလ်ခန်း

အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ (မိုဟာမက်ဟူစိန်-ဒေါ်ကူရ်ရှစ်)တို့၏သား၊ ဦးအီဗရာဟင်-ဒေါ်ရာမက်ဘီ၊ ဦးဂျမား-ဒေါ်ဂျမီလာဘီဘီတို့၏ ညီ/မောင်၊ ဦးထွန်းမောင်-ဒေါ်ဂိုရီ၊ ဦးအစ္စလမ်-ဒေါ်ရဟီမာတို့၏ အစ်ကို၊ တိုက်ကြီးမြို့၊ ပြည်လမ်း၊ အမှတ်(၄၀၁)နေ (ဦးဘာဘူ-ဟာဂျီမဒေါ်စတာဘီ)တို့၏ သားသမက်၊ ဖက္ကဒွန်းနီစာဘီဘီ(ခ)ဒေါ်စိုးတေ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုကျော်ကျော်-မသော်တာဝင်း၊ ကိုညီညီအောင်-မဝါဝါသန်း၊ ဟာဂျီဦးလှရွှေ-ဟာဂျီမအေးအေးခိုင်၊ ကိုထွန်းထွန်းဝင်း၊ မတင်တင်လတ်တို့၏ ဖခင်သည် ၂-၂-၂၀၀၄ရက် ညနေ ၅း၅၅နာရီတွင် အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၃-၂-၂၀၀၄ရက် ဇဟိုနမာဇ်အပြီးတွင် အမှတ်(၃၅)၊ (၁၁၉)လမ်း၊မင်္ဂလာတောင်ညွန့်နေအိမ်မှ ရေဝေးကဘာစတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ဝင်း

အသက်(၅၈)နှစ်

မြန်မာ့မီးရထား(ရုံးချုပ်)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ (ဦးအောင်သိန်း-ဒေါ်ခင်ခင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၆)ရပ်ကွက်၊ တိုက် ၁၁၊ အခန်း ၂၀၂၊ အောင်ဇေယျအိမ်ရာနေ ဦးတင်ရီ(တိုင်းပို့ဆောင်ရေးမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့မီးရထား)၏ဇနီး၊ ဦးလှကြိုင် (မြန်မာ့မီးရထား၊ငြိမ်း)-(ဒေါ်တင်အေး)တို့၏ တူမ၊ ဗိုလ်မှူးဝင်းဆွေ(ငြိမ်း)[အောင်လံ-စည်ပင်]-ဒေါ်ရီရီထွေး၊ ဦးဝင်းကျော်(ဒု-မန်နေဂျာ၊ MICCL) -ဒေါ်နန်းဝေသီ (အင်ဂျင်နီယာမှူး၊MICCL)၊ ဒေါ်မြင့်မြင့်ဆွေတို့၏အစ်မ၊ ဦးသိမ်း(မန်နေဂျာ၊ ငြိမ်း၊မြန်မာ့ရေနံ)-ဒေါ်ရီရီသိမ်း၊ ဦးမျိုးအေး(DGM၊ ငြိမ်း၊ စားထွေ)-(ဒေါ်အေးချို)တို့၏ ညီမ၊ တူ၊ တူမ ရှစ်ယောက်တို့၏ အဒေါ်၊ မြေးလေးယောက်တို့၏ အဘွား ဒေါ်ကြည်ဝင်းသည် အထက်ပါနေအိမ်၌ ၂-၂-၂၀၀၄ ရက် နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။

(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ငွေကြည် (၇၅)နှစ်

(ပုသိမ်)

ပုသိမ်မြို့၊ တကောင်းဘုရားလမ်း၊ အမှတ်(၁၈၅)နေ (ဦးညီစိန်-ဒေါ်ညွန့်)တို့၏သမီး၊ (ဒေါ်ခင်ရီ)၏ ညီမ၊ ဦးစန်းတင်-ဒေါ်စန်းမြဦး(မဟာနွယ်ဒွေ့ရိပ်သာ၊ သန်လျင်)တို့၏ အစ်မ၊ ဦးစောလှိုင်(ဆေးပစ္စည်း၊ ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးဖုန်းလွင် - ဒေါ်ခင်မျိုးဦး (ကထိက၊ သင်္ချာဌာန၊ ဒဂုံတက္ကသိုလ်)၊ ကိုဝင်းဆိုင်၊ ဒေါ်ခင်မျိုးအေး(နည်းပြ၊ သင်္ချာဌာန၊ ပုသိမ်တက္ကသိုလ်)တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၃၁-၁-၂၀၀၄ (စနေနေ့) နံနက် ၄း၁၀နာရီ တွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၀၄ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) အအေးတိုက်မှ ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသန်းဝင်း (၅၉)နှစ်

မြန်မာ့လေကြောင်း

ရန်ကုန်မြို့၊ အမှတ်(၄၀၈-အေ)၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်နေ (ဦးရီကြည်-ဒေါ်အေးရီ)တို့၏ သား၊ (ဦးဘိုကြီး-ဒေါ်တင်)တို့၏ သားသမက်၊ ဒေါ်ခင်သန်း (မြန်မာ့လေကြောင်း၊ငြိမ်း)၏ ခင်ပွန်း၊ မောင်ညီညီမိုး-မနန္ဒာဝင်း၊ မောင်ဇေယျာစည်သူဝင်းတို့၏ ဖခင်၊ မောင်စွမ်းပြည့်စုံအောင်၏ အဘိုးသည် ၂-၂-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄ ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အောက်ပုဇွန်တောင်နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကိုကိုနိုင် အသက်(၄၀)

MSAI Co,Ltd

အထက(၆)အလုံကျောင်းသားဟောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၃၆၅)၊ အောက်ကြည့်မြင်တိုင်လမ်းနေ (ဦးမြမောင်)-ဒေါ်တင်ရီတို့၏ သား၊ ဦးမြင့်ဦး(ကားဘော်ဒီ)-ဒေါ်မိမိမော် (မိခင်/ကလေးအမျိုးသမီးရေးရာ၊ အလုံ)တို့၏မောင်၊ မလဲ့လဲ့ခိုင်၊ မောင်လှမင်း-မသီဂီမိုး၊ မောင်ဝင်းစိုး(First Top Co., Ltd)-မတင်တင်လှိုင်၊ မဇာခြည်ဦးတို့၏ အစ်ကို၊ ဒေါ်ခင်မြင့်ဆွေ၏ ခင်ပွန်း၊ မဇင်ဝေနိုင်(အထက ၂-အလုံ)၊ မယဉ်မင်းမြတ်(အထက-၂၊ အလုံ)တို့၏ ဖခင်၊ တူ၊တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၂-၂-၂၀၀၄ (တနင်္လာနေ့) ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင် (၈၁)နှစ်

(ပခုက္ကူ)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရ အိမ်ရာ၊ တိုက်(၁၅)၊ အခန်း(၁၁)နေ (ဦးကျော်ဒွန်း-ဒေါ်သီ)တို့၏ သမီး၊ (အငြိမ်းစားတိုင်းမင်းကြီး ဦးတင်မောင်)၏ ချစ်လှစွာသော ဇနီး၊ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီး ပါမောက္ခဒေါက်တာ ဦးလှမင်း(မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး)-ဒေါ်ခင်ခင်အေး၊ (Mr. Nagai)-ဒေါ်ခင်ခင်သိန်း၊ ဦးအေးကို၊ (ဦးဇော်သက်)-ဒေါ်ခင်ခင်ထွေးတို့၏ ချစ်လှစွာသော မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃-၂-၂၀၀၄ ရက် နံနက် ၈း၁၅နာရီတွင် ကန်တော်ကြီးကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ထွေး(၇၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၁)၊ (၂)ရပ်ကွက်၊ (၇၁)လမ်းနေ (ဦးမြလွင်)-ဒေါ်သန်းသန်းဝင်း၊ ဦးသန်းထွေး (MPPE)-ဒေါ်စန်းရီ၊ (ဦးအောင်တိုး)-ဒေါ်ခင်စိန်ဝင်း၊ ဦးအုံးကြည်-ဒေါ်ချိုချိုနိုင်၊ ဦးသန့်ဇော်လှ(စည်ပင်/ရေသန့်)-ဒေါ်ပိုပိုနိုင်၊ ဦးသက်နိုင် (MPPE)-ဒေါ်ကြည်ကြည်မြင့်တို့၏ ချစ်လှစွာသောမိခင်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂-၂-၂၀၀၄(တနင်္လာနေ့) နံနက်၄နာရီတွင် ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၃း၃၀နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးတင်ရွှေ(ငြိမ်း)

အသက်(၆၅)နှစ်

ဗိုလ်သင်တန်းအပတ်စဉ်(၃၁)

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းကျေးရွာနေ (ဦးထွန်းရင်-ဒေါ်အုံးမေ)တို့၏သားကြီး၊ အမှတ်(၃၁)၊ (၁၄၁)လမ်း၊ တာမွေမြို့နယ်နေ ဒေါ်လှလှ၏ ခင်ပွန်း၊ ဒေါ်တင်မေ၊ ဦးလှသောင်း၊ ဦးလှသိန်း၊ ဦးသန်းသန်း၊ ဦးလှမြင့်၊ ဦးတင်ထွေး၊ (ဒေါ်တင်စိန်)တို့၏ အစ်ကိုကြီး၊ ဒေါ်မိုးမိုးတင်(အာရှနေဘဏ်)၊ ဗိုလ်ကြီးတင်ရဲထွန်း(အိုး၊အိမ်)-ဒေါ်မွန်မွန်ဆွေ၊ ဗိုလ်မှူးရဲတိုက်(နတခ)-ဒေါ်နန်းဥမ္မာ၊ ဦးကောင်းမြတ်-ဒေါ်သီတာအေးမြစိမ့်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁-၂-၂၀၀၄(တနင်္ဂနွေနေ့) ညနေ၅း၄၅နာရီတွင် ကွယ်လွန်ပါ၍ ၅-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့်၁၂နာရီ တွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးတရုတ်သချိုင်းသို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်မင်း (၄၉)နှစ်

အောင်သရဖူဆောက်လုပ်ရေး

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စိတ္တသုခလမ်း၊ အမှတ်(၃၇)နေ (ဦးစောလှအောင်)-ဒေါ်မြတို့၏ သားကြီး၊ ဒေါ်မသောင်းနု၊ ဦးစိန်ထွန်းအောင်၊ ဒေါ်လှကျော့စိန်(အောင်သရဖူ)၊ ဦးဘသန်း (တော်ဝင်လင်းဆောက်လုပ်ရေး)၊ ကိုအောင်စံသိန်း၊ ကိုဇော်ထွန်းနိုင်၊ မခင်မြထွေး၊ မောင်ဇော်မင်းထိုက်တို့၏ အစ်ကိုကြီး၊ ဒေါ်ရီရီလွင်၏ ခင်ပွန်း၊ မောင်သိန်းစိုးလွင်(ပထမနှစ်-ရူပဗေဒ၊ ဒဂုံတက္ကသိုလ်)၊ မောင်လူမော်ဟိန်း (အဋ္ဌမတန်း၊ အထက-၂၊ တာမွေ)တို့၏ကျေးဇူးရှင်ဖခင်သည် ၂-၂-၂၀၀၄ (တနင်္လာနေ့) ည ၇း၃၀နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ ၃း၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မအေးအေးမြင့် (၃၃)နှစ်

B.A (Myan)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရိပ်သာ၊ တိုက်(၆)၊ အခန်း(၉)နေ (ဦးစိုးသိန်း)-ဒေါ်တင်လှိုင်(စား/ဖျော်၊ ငြိမ်း)တို့၏သမီး၊ အရှင်နန္ဒသာရ(မြိတ်မြို့)၊ အရှင်ယောသိတ၊ဦးသိန်းအောင်-ဒေါ်ခင်စန်းဝင်း၊ ဒေါ်ခင်မာစိုး(အား/ကာ)၏ ညီမ၊ ကိုဇာနည်ဦး-မသင်းသင်းမာ၏ အစ်မသည် ၂-၂-၂၀၀၄ရက် ည ၁၁နာရီ တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမကြီး

ဒေါ်သန်းမြ (၈၈)နှစ်

(သထုံ)

သထုံမြို့၊ နတ်စင်လမ်း၊ ညောင်ဝိုင်းရပ်၊ အမှတ်(၃၂၃)နေ (ဦးဘသော်-ဒေါ်စိန်ညွန့်)တို့၏သမီး၊ (ဦးတိတ်ဝမ်)၏ဇနီး၊ ဦးခင်မောင်လတ်-ဒေါ်နွယ်နွယ်ဝင်း၊ ဦးခင်မောင်ရီ-ဒေါ်အေးမိမိစံ၊ ဦးလှနိုင်-ဒေါ်ရွှုသီ(အထက-၂)၊ (ဦးယုဝေ)-ဒေါ်အုံးအုံးငွေးတို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃-၂-၂၀၀၄ (အင်္ဂါနေ့) နံနက် ၈း၃၀နာရီတွင် သထုံမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် သထုံမြို့၊ ဂေါ့သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမြမောင် အသက်(၆၀)

(မလှိုင်၊အောင်စည်)

မလှိုင်မြို့နယ်၊ အောင်စည်ကျေးရွာနေ (ဦးလှ-ဒေါ်တော်)တို့၏ သား၊ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ (ဦးထွန်းရီ)၊ (ဦးချစ်မောင်)-ဒေါ်နန်းနွဲ့နွဲ့ရီ(တောင်ကြီးမြို့)တို့၏ ညီ၊ ဦးသန်းမောင်(ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်)၏ အစ်ကို၊ ဦးမျိုးအောင်(ဆလက၊ ဖျာပုံ) - ဒေါ်ခင်မိုးလှိုင်၊ ကိုတင်ထွန်းနိုင်၊ ကိုအောင်ဇော်နိုင်၊ ကိုအောင်ဇော်ခိုင် - မအေးအေးခိုင်၊ ကိုဝင်းထူးနိုင်၊မောင်စွမ်းထက်နိုင်(XA၊ အထက-၂၊ ဒဂုံ)တို့၏ မွေးသဖခင်သည် ၃-၂-၂၀၀၄ (အင်္ဂါနေ့) နံနက် ၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၂နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

[တိုက်(၃၄)၊ အခန်း(၁၆)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ် နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၀၄(တနင်္လာနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါဦးဝိစာရအိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ကြည်ကြည်ဦး

B.Sc Maths

အသက်(၅၀)

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက် (၂၀၈)၊ အခန်း(၁၅)နေ (ဦးမြင့်ဦး၊ မြန်မာ့ဆိပ်ကမ်း-ဒေါ်ခင်ညိုဦး)တို့၏ သမီး၊ ဦးကြည်ထွန်း(ကျောင်းအုပ်ကြီး၊ အထက-၂၊ ဗဟန်း၊ ငြိမ်း)-ဒေါ်မေမေထွန်းတို့၏သမီးချွေးမ၊ ဦးနိုင်ထွန်း (C.Y.C)၏ ဇနီး၊ ဒေါ်ငြိမ်း၊ ဦးနေဦး(ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေး၊ ငြိမ်း)-(ဒေါ်မာလေး)တို့၏ တူမ၊ ဦးသီဟမင်းထွန်း(Uniteam Shipping)၏ အစ်မ၊ မဟန်သီသီထွန်း(ပ-နှစ်၊ မြန်မာစာ)၊ မောင်ဖြိုးသီဟထွန်း (အထက-၂၊ ဗဟန်း)တို့၏ မိခင်သည် ၂-၂-၂၀၀၄ရက် ညနေ ၆နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၂-၂၀၀၄ရက် နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန် ခရစ်ယာန်သချိုင်း၌ ဂူသွင်းသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဇော်မင်းအောင်(ခ)ကိုမဲကြီး

အသက် (၃၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကမ္ဘာအေး-ရေကူး ဘူတာရုံလမ်း၊ အမှတ်(၁၄/က)နေ ဒေါ်စိမ်းမြိုင်၏မြေး၊ ဦးကုလား-ဒေါ်တင် တင်ဝင်းတို့၏သား၊ ပဲခူးမြို့နေ ဦးအောင်သိန်း- ဒေါ်စောရွှေတို့၏ သားသမက်၊ ဦးစိန်ထွန်း-ဒေါ်အေးကြွယ်၊ ဦးအောင်လှ-ဒေါ်လှရီ၊ ဦးသန်းထွန်း-ဒေါ်ပို၊ ဦးဟန်ကြည်၊ ဦးသန်းထွန်း-ဒေါ်မြင့်မြင့်နွယ်၊ ဦးကျော်သောင်း-ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ခင်မာအေး၊ ဦးသန်းဝင်း-ဒေါ်ခင်မာထွေးတို့၏ တူ၊ မောင်ထင်အောင်ကျော်-မအေးသီတာ(MRTV-3)၊ မနွယ်နွယ်ဝင်း(စိုက်/စီ)တို့၏ မောင်၊ မောင်ဇော်လင်းနိုင်၏အစ်ကို၊ မအေးအေးမော်၏ ခင်ပွန်း၊ မောင်ဇေယျာထက်၏ ဖခင်သည် ၂-၂-၂၀၀၄ (တနင်္လာနေ့) နံနက်တွင်အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီ တွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ဖွားရောင် (၉၃)နှစ်

ရန်ကုန်မြို့နေ ဦးမောင်မောင်-ဒေါ်သန်းသန်းမြင့်၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ်(၁၅၈)နေ ဦးစိန်မြင့်-ဒေါ်ခင်စန်းဝင်း၊ ထျန်ဆို-လီယုတ်လန်၊ (လီရန်စိန်)၊ ဦးစိုးမြင့်-ဒေါ်မြင့်မြင့်အေး တို့၏ မိခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၃-၂-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀း၅၀နာရီတွင် အမှတ်(၅၈)၊ (၂၃)လမ်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးခင်မောင်မြင့်(ခ) ဦးထွန်းမြင့် (၈၉)နှစ်

လ/ထညွှန်မှူး (အငြိမ်းစား)၊ မြန်မာ့အသံ

(ရုံးသပြေကန်)

သာကေတမြို့နယ်၊ အမှတ်(၈၆၉)၊ (၁)ရပ်ကွက်၊ ထူပါရုံအနောက်(၁၃)လမ်းနေ ဒေါ်တင်မြင့်၏ခင်ပွန်း၊ (ဦးစိန်)၊ (ဦးသိန်းရွှေ)၏ ညီ၊ [ဒေါ်လှကြည်(ခ)မဆောင်း]၊ ဒေါ်စန်းကြည်၊ ဦးပါ(ခ)ဦးသောင်း၊ [ဦးတာ(ခ)ဗိုလ်မှူးမင်းလွင်]၊ ဒေါ်ခင်ထွေး(ခ)အပိုတို့၏ အစ်ကို၊ (ဦးမြင့်သန်း)၊ (ဦးတင်လတ်)တို့၏ ဖခင်၊ မောင်သိန်းဝင်းနိုင်-မသန္တာဖြိုး၊ မောင်သန်းထိုက်ဦး၊ မောင်ဟိန်းဇော်လတ်၊ မသူဇာတင်တင်လတ်၊ မသက်မာလတ်၊ မဝေဝေသင်၊ မမူမူသင်တို့၏ အဘိုးသည် ၂-၂-၂၀၀၄(တနင်္လာနေ့ နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးသိန်းလှ (၈၂)နှစ်

(မအူပင်)

တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ သူရ(၇)လမ်း၊ အမှတ်(၂၁၁/ခ)နေ (ဒေါ်ကြည်)၏ ခင်ပွန်း၊ ရဲမှူးကြီး သိန်းကြည် (ပဲခူးတိုင်းရဲတပ်ဖွဲ့မှူး)-ဒေါ်သန်းသန်းစု၊ ဦးထွန်းသိန်း(အပူပိုင်း စိမ်းလန်းစိုပြည်ရေး)-ဒေါ်စန်းစန်းဝင်း၊ ဦးညွန့်လွင်(စက်မှု-၂၊ ငြိမ်း)-ဒေါ်ခင်မျိုးသန့်၊ (ဦးလှဝေ)တို့၏ ချစ်လှစွာသော ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂-၂-၂၀၀၄ရက် ည ၁၀း၁၀နာရီ တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ရက် နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်သန်းစိန် (၅၈)နှစ်

(ချောင်းဦး)

စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ကျည်ကုန်းကျေးရွာနေ ဦးမင်းဒင်-ဒေါ်မြမေတို့၏ သမီး၊ (ဦးလှကျော်-ဒေါ်ပိုင်)တို့၏ သမီးချွေးမ၊ ဦးလှငွေ-ဒေါ်နန်းစိန်တို့၏ ညီမ၊ ဦးစံပ-ဒေါ်လှမြင့်၊ ဦးထွန်းအောင်-ဒေါ်ဟန်ရင်၊ ဦးကျင်စိန်-ဒေါ်ခင်ငွေမြင့်တို့၏ အစ်မ၊ ဦးမျိုးမြင့်သန်း-ဒေါ်ငြိမ်းငြိမ်း၊ (ဦးသစ်လွင်)-ဒေါ်ညွန့်မြိုင်၊ ဦးသိန်းတန်-ဒေါ်သန်းသန်းနွဲ့(ရွှေပြည်သာ)တို့၏ မွေးသမိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွား၊ ဦးလှထွန်း၏ ချစ်လှစွာသော ဇနီးသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁-၂-၂၀၀၄ရက်ည၇နာရီတွင် ကွယ်လွန်ပါ၍ ၅-၂-၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အောင်ဆန်းမြို့၊ ထန်းတပင်ကျောင်းတိုက်မှကားများ နံနက် ၉နာရီ တွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ကိုအောင်ဆန်းဝင်း(၃၂)နှစ်

B.A. Eco,

Centre Co.Operafive-College

M.G.S. Beverages. Co., Ltd.

ကျောက်ဖြူ-စနဲ(အလယ်ပိုင်း)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (ဃ/၂)၊ အခန်း(၂)၊ အောက်လမ်း၊ သန်လျင်တံတားစီမံကိန်း အိမ်ရာဝင်းနေ ဦးဘချို(ကျောင်းဆရာကြီး၊ ငြိမ်း-ဒေါ်အေးခင်ဦး)တို့၏သား၊ဦးမောင်မောင်ဝင်း(U.A.E)-ဒေါ်ခင်ဝင်းမူ၊ ဆရာမ မမေမေဝင်း၊ ဆရာမသန်းသန်းဝင်း-ကိုမွေးလှဖြူ၊ကိုအောင်ဝင်း-မမြသိန်းနု တို့၏ ညီ/မောင်၊ မထွေးထွေးဝင်း၏ အစ်ကိုသည် ၂-၂-၂၀၀၄ရက် ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၄ရက်၌ ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရီကာဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကား ပြောကြား

အမျိုးသား ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မြန်မာနိုင်ငံ ကျန်းမာ ရေးဆိုင်ရာ သုတေသန ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သီရိလင်္ကာဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၄ရက်၌ ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရာနီးလ်ဝီကရာ မဆင်ဟာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာသုတေသီပညာရှင်များ ကျန်းမာရေးအဆင့်မြင့် သုတေသနလုပ်ငန်းများ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နေ တိုင်းရင်းသားပြည်သူများ ကျန်းမာကြံ့ခိုင်ရေး သုတေသနကဏ္ဍက ထိထိရောက်ရောက် အထောက်အကူပြု အာနိသင်ထက်မြက်သော တိုင်းရင်းဆေးများ သိပ္ပံနည်းကျ ထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ် အနာဂတ်တွင် ရင်ဆိုင်ရမည့် ကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ်နိုင်အောင် ဆက်လက်ကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၃

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသား ကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးအရာရှိများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ရန်ကုန်မြို့ရှိ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ☆

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

သတင်း၊ ဆောင်းပါး

အညွှန်း

သိန်းစိုး(တောင်ငူ)၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး **"ငြိမ်းချမ်းရေးတံတားခင်း၍ စည်းလုံးညီညွတ်မှုကို တည်ဆောက်ခြင်း"**ကို စာမျက်နှာ (၈)နှင့်(၉)တို့တွင် ဖော်ပြထားပြီး **"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း"**ကို စာမျက်နှာ (၇)တွင် ဖော်ပြထားပါသည်။ **(ကြေးမုံ)**